# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၃၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation - SCO SUMMIT 2025 Plus) ၌ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation - SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။



*စာမျက်နှာ ၃ ကော်လံ ၁ ➝*



ယနေ့ ဖတ်စရာ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေး**


ပြည်တွင်းသတင်း စာ ၆

**ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းပြည်ပ သတင်းထောက် ၃၀၀၀ ခန့် သတင်းရယူ တင်ဆက်လျက်ရှိ**


ပြည်တွင်းသတင်း စာ ၉

# နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်

မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ–တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ Tangla Hotel ၌ ဩဂုတ် ၃၁ ရက်က ကျင်းပသည့် အဆိုပါတွေ့ဆုံပွဲတွင် တက်ရောက်လာကြသော မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများအား နိုင်ငံတော်အကြီးအကဲက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေအရင်းအမြစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်များပေါများသည်။ လူသားအရင်းအမြစ်လည်း အများအပြားရှိသည်။ ပထဝီအနေအထားအရလည်း အချက်အချာကျသည်။ တရုတ်နိုင်ငံနှင့် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်နေပြီး နှစ်ဖက်ကူးသန်း သွားလာနိုင်သည့် နယ်စပ်ဝင်ထွက်ပေါက်များစွာ ရှိနေရာ တရုတ်အနောက်ပိုင်းပြည်နယ်များအဖို့ အိန္ဒိယသမုဒ္ဒရာနှင့် ဆက်သွယ်နိုင်သည့် အနီးဆုံးလမ်းကြောင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ တရုတ်–မြန်မာ နှစ်နိုင်ငံအကျိုးစီးပွား၊ နှစ်ဖက်ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ မြန်မာနိုင်ငံတွင်ရှိနေသည်။

အထက်ဖော်ပြပါ တွေ့ဆုံပွဲတွင် နိုင်ငံတော်အကြီးအကဲက "မြန်မာနိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership– RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်–မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသဆိုင်ရာ သဘောတူစာချုပ် (ACFTA) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြား အပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။" ထည့်သွင်းပြောကြားခဲ့ပြီး လက်ရှိ တရုတ်–မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများမှာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်ကဏ္ဍတွင်ရှိသည်။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိသည့်အနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး နောက်ထပ်ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည့် ကဏ္ဍများစွာလည်းရှိနေသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ရှာဖွေခြင်းသည် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုကို မြင့်မားလာစေပြီး စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးရန်၊ နိုင်ငံရပ်ခြားမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ခေတ်မီနည်းပညာများ ပြည်တွင်း၌ရရှိလာစေရန်၊ ပြည်ပသို့ ပို့ကုန်အမယ်သစ်များတင်ပို့နိုင်စေရန်၊ နိုင်ငံခြားငွေစီးဆင်းမှုကောင်းမွန်စေပြီး ပြည်ပငွေလဲနှုန်းတည်ငြိမ်စေရန်၊ ပြည်တွင်း၌ ဈေးကွက်ပြိုင်ဆိုင်မှုဖြစ်ပေါ်လာစေရန်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာစေရန် စသည့် ရည်ရွယ်ချက် အများအပြားရှိသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက်လာစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကောင်းမွန်မှု၊ လျှပ်စစ်ကဲ့သို့သောစွမ်းအင်များ ပြည့်စုံဖူလုံမှုတို့ကလည်း အရေးပါသည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက်ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ အတားအဆီးအနှောင့်အယှက်များ ဖယ်ရှားခြင်းတို့တွင် ပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ တာရိခ်ကာရီးမ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁**

မစ္စတာ တာရိခ်ကာရီးမ် ကို ၁၉၇၄ ခု ဧပြီ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့ရှိ ကွေ့အီအာဇမ်တက္ကသိုလ် (Quaid–i–Azam University) မှ ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ မဟာဘွဲ့(M. Phil)နှင့် ဇီဝသိပ္ပံဆိုင်ရာ မဟာဘွဲ့ (M.Sc.)ကိုလည်းကောင်း၊ ပန်ဂျပ်တက္ကသိုလ် (University of Punjab) မှ သမိုင်းပညာဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ တစ်နှစ်ကြာ သံတမန်ရေးရာဘွဲ့လွန်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့သည်။ ၎င်းသည် Mscow State University မှ ရုရှားဘာသာစကားကိုလည်း လေ့လာသင်ကြားခဲ့သည်။

မစ္စတာ တာရိခ်ကာရီးမ်သည် ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ရုရှားနိုင်ငံ မော်စကိုမြို့၊ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့၊ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့စသည့် ပါကစ္စတန်သံရုံးများတွင် တတိယအတွင်းဝန်မှ သံမှူးအထိလည်းကောင်း၊ ဓာတုလက်နက်တားဆီးရေး ပိတ်ပင်ရေးအဖွဲ့ဆိုင်ရာ ပါကစ္စတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးဆဲရှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ပါကစ္စတန်နိုင်ငံကိုယ်စားပြုမဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကုလသမဂ္ဂဌာနနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အလယ်အာရှနိုင်ငံများဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာနနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားဌာနတို့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ သံတမန်ရေးရာဌာနနှင့် အစ္စလာမ်မစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ်၊ မေလမှစ၍ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ပါကစ္စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တာရိခ်ကာရီးမ်သည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။

သတင်းစဉ်

**၁ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၂၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂ - ၉ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၀၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၀၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၀၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၀၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၀၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၃၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) ၌ ဆွေးနွေးပြောကြားစဉ်။

❍ *ရွှေဖုံးမှ*

အဆိုပါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြား

ဦးစွာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် လေးစားအပ်ပါသော လုပ်ဖော်ကိုင်ဖက်များ တီယန်ကျင်းမြို့သို့ SCO Plus အစည်းအဝေး လာရောက် တက်ရောက်ကြသည့်အတွက် ကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်မှာ **"ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်းလုံခြုံရေးကို ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်"** ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု ပဏာမအဆိုပြုချက် (Global Governance Initiative (GGI) (၅) ချက်ကို မိမိအနေဖြင့် အဆိုပြု တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SCO အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူဖြစ်စေမည့် ယခုအစည်းအဝေးသည်အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဆွေးနွေးပြောကြား

ဆက်လက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဆွေးနွေး ပြောကြားသည်။ ထို့နောက် ဘီလာရုစ်နိုင်ငံသမ္မတ၊ အီရန်နိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ္စတန်နိုင်ငံသမ္မတ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ တာဂျစ်ကစ္စတန်နိုင်ငံသမ္မတ၊ ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အဇာဘိုင်ဂျန်နိုင်ငံသမ္မတ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ၊ မော်လ်ဒိုက်နိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ နီပေါနိုင်ငံ ဝန်ကြီးချုပ်၊ တူကီယဲသမ္မတနိုင်ငံ သမ္မတ၊ အီဂျစ်နိုင်ငံ ဝန်ကြီးချုပ်၊ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံကိုယ်စားလှယ်၊ အိန္ဒိယနိုင်ငံကိုယ်စားလှယ်တို့က အသီးသီး ဆွေးနွေးပြောကြားကြသည်။

ထိုသို့နိုင်ငံအလိုက် ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါဟု ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို မိမိအား ပါဝင်တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုအစည်းအဝေး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား တက်ရောက်အမှာစကား ပြောကြားခွင့်ရရှိသည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလိုပါကြောင်း။

### အထူးကျေးဇူးတင်ရှိ

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ ယခုနှစ် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

### ရင်ဆိုင်တုံ့ပြန်လျက်ရှိ

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် စတင် ဖွဲ့စည်းခဲ့စဉ်ကတည်းက ဒေသတွင်း လုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့်နိုင်ငံများ၊ မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည့်နိုင်ငံများ၊ စိုက်ပျိုး၊ မွေးမြူရေး အားကောင်းသည့် နိုင်ငံများစသည်ဖြင့် ပါဝင်ပါကြောင်း၊ ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ *စာမျက်နှာ ၄ သို့*

**“ အင်အားကြီးနိုင်ငံအချို့သည် ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက် SCO အဖွဲ့ကို စီးပွားရေး ပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိ ”**

*စာမျက်နှာ ၃ မှ*

လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း။

**အတူတကွကြိုးပမ်းဆောင်ရွက်သွားကြမည်**

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာတက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသောစည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း၊ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit) ၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအားလေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့ကို မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရာတွင် ထားရှိသည့် ခိုင်မာသောအခြေခံအုတ်မြစ်နှင့် များစွာအလားသဏ္ဌာန်တူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်၊ မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထား မေတ္တာရပ်ခံလိုပါကြောင်း။

**အခွင့်အလမ်းကောင်းများစွာရှိ**

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသ ရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်း များစွာရှိပါကြောင်း။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကို ပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားလို**

လုံခြုံရေး ကဏ္ဍတွင်လည်း ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့ မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့်အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် ထိရောက်သည့် အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာရပ်များ ဖြစ်သည့် ဉာဏ်ရည်တု (AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထား လုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုပါကြောင်း။

**အောင်မြင်မှုရမည်ဟုယုံကြည်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး Mr. Xi Jinping က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုပဏာမအဆိုပြုချက် (Global Governance Initiative(GGI) (၅) ချက်ကို တင်သွင်းခဲ့ပါကြောင်း၊ အဆိုပြု (၅) ချက်သည် မိမိအရှေ့ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့် အခြေအနေများနှင့် ထင်ဟပ်နေပါကြောင်း၊ လက်တွေ့ကျပါကြောင်း၊ နိုင်ငံအများအပြား ရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက် (၅) ချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီး Mr. Xi Jinping ၏ အဆိုပြုချက်ကိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

**ကြိုဆိုထောက်ခံ**

နိဂုံးချုပ်အနေနှင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် “၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025-2035)” ကို ကြိုဆို ထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့်လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာ ပြောကြားလိုပါကြောင်း။

အဆွေတော် သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသည့် ဧည့်သည်တော်များ အားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးအန္တရာယ် ကင်းဝေးစွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံးဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။


**သီးခြားစီတွေ့ဆုံဆွေးနွေး**

အစည်းအဝေး မစတင်မီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံ သမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီ တွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ❑ **ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကို ပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိ**
- ❑ **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်**

- ❖ **ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု (AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထား လုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရ**
- ❖ **မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလို**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်း၌ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့်ယာဉ်များဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးအထိမ်းအမှတ်အဖြစ် SCO စာလုံးအား သရုပ်ဖော်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၁** တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှု လေ့လာသည်။

### ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တီယန်ကျင်းမြို့ရှိ Tangla Hotel မှနေ၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာကြသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တီယန်ကျင်းဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဆိပ်ကမ်းတာဝန်ခံက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးက ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ တီယန်ကျင်း ဆိပ်ကမ်းမှနေ၍ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများ ပို့ဆောင်လျက်ရှိမှုနှင့် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေများနှင့် AI စနစ်အသုံးပြု၍ ကွန်တိန်နာများအား သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လေအားလျှပ်စစ်ဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### မေးမြန်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများအား သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

### သရုပ်ဖော်ပြသ

ယင်းနောက် ဆိပ်ကမ်းမှ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့် ယာဉ်များဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) အထိမ်းအမှတ်အဖြစ် SCO စာလုံးအား သရုပ်ဖော်ပြသကြသည်။

### လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ဆိပ်ကမ်းတာဝန်ခံနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

အဆိုပါတီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကအထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြူနီစီပယ် အုပ်ချုပ်ရေးဒေသ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး Haihe မြစ်အနီး Bohai ပင်လယ်အော်အနောက်ဘက်ကမ်း တီယန်ကျင်းမြူနီစီပယ် အုပ်ချုပ်ရေးဒေသတွင် တည်ရှိကြောင်း၊ အဆိုပါဆိပ်ကမ်းအား တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိက ထောက်ပံ့နှင့် ပို့ဆောင်ရေး အချက်အချာနေရာအဖြစ် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းအား ၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရေနက်ပင်လယ်ဆိပ်ကမ်း (Deep– Water Seaport/Riverport) အမျိုးအစားဖြစ်ကြောင်း၊ ကုန်းမြေဧရိယာ ၁၂၁ စတုရန်းကီလိုမီတာအပါအဝင် စုစုပေါင်း ၄၇၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းကြောင်း၊ ထုတ်လုပ်ရေး ဆိုက်ကပ်နေရာ ၁၄၀ ခုအပါအဝင် ဆိုက်ကပ်နေရာ စုစုပေါင်း ၂၁၇ ကျော်ရှိကြောင်း၊ ကွန်တိန်နာများကို တင်ချခြင်းများ ဆောင်ရွက်ရာတွင် AI စနစ်ကို အသုံးပြု၍ လုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ တီယန်ကျင်းဆိပ်ကမ်းသည် ရေအနက် ၂၂ မီတာ ၇၇ ပေရှိပြီး တန်ချိန် ၃သိန်းရှိကြီးမားသောသင်္ဘောကြီးများဆိုက်နိုင်ကြောင်း၊ နှစ်စဉ်ကုန်စည်တင်ပို့မှုအနေဖြင့် တန်ချိန်သန်း ၅၀၀ ကျော်နှင့် ကွန်တိန်နာ ၁၃ သန်းကို တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ဒေသနှင့်ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တရုတ်နိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ကျော်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တီယန်ကျင်းဆိပ်ကမ်းတာဝန်ခံက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများအား ရှင်းလင်းတင်ပြစဉ်။



**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့အလုပ်သဘောခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် ယနေ့ဒေသစံတော်ချိန် နေ့လယ် ၁၂ နာရီတွင် တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတနှင့်အတူ လာအိုနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လာအိုနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ကာလအလွန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ် ဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးမှုမရှိသည့် အခန်းများ၌ ခရီးသည်များ လာရောက်တည်းခိုနေထိုင်နိုင်ရန် ဖွင့်လှစ်ထားရှိမှု၊ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆိုလာစနစ်တပ်ဆင် အသုံးပြုနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် ငလျင်ဒဏ်သင့် အဆောက်အအုံ အခန်းများနှင့် ခန်းမများကို ပြန်လည်တည်ဆောက် ပြုပြင်မွမ်းမံရေး ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းအတိုင်း ပြန်လည်ပြုပြင်မွမ်းမံ ပြင်ဆင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ အပြာရောင်အဆင့်ရှိ လူနေထိုင်နိုင်သည့် အခန်းများနှင့် ခန်းမများကို စနစ်တကျ ပြုပြင်မွမ်းမံ၍ ဧည့်သည်များ ပိုမိုလက်ခံနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ဧည့်သည် လက်ခံလျက်ရှိသော အဆောက်အအုံနှင့်အခန်းများတွင် ဟိုတယ်အဆင့်အတန်းနှင့်အညီ ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေး အစဉ်တစိုက်ကြိုးစားရန်၊ ဟိုတယ်များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များကို လာရောက်တည်းခိုသည့် ဧည့်သည်များသိရှိအောင် စီစဉ်ထားရှိရန်၊ ဝန်ကြီးဌာနနှင့် နိုင်ငံတကာမှ သတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လိုအပ်သည့် ဒေသခံပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေး



**နေပြည်တော် စက်တင်ဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှု၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက ဒေသခံပြည်သူများကို အိမ်ထောင်စု လူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက် ကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးမိတ္တူလျှောက်ထားမှုများ စိစစ်ဆောင်ရွက်ပေးနေမှုနှင့် ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ပဲခူးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အအုံနေရာကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ တစ်ပိုင်တစ်နိုင် စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ညှိနှိုင်းခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ပါတီအသီးသီး၏ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးသွားသူများ၊ နိုင်ငံသားကတ်မရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ထုတ်ပေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေး၍ မြို့နယ်ရုံး၏ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လှည်းကူးခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် ပါတီအသီးသီး၏ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၂/ ၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၂/ ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အောက်ပါဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က)အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Bills of Lading Act
(ခ) The District Cesses Act
(ဂ) The Fatal Accidents Act
(ဃ) The Myanmar Passport Act
(င) The Poisons Act
(စ) The Religious Societies Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ဗဟန်းမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေနန်ယန်ခန်းမ၌ ယနေ့နံနက်ပိုင်းက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ဦးစွာ ကမာရွတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆုပြည့်ကျော်က ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်နှစ်ခုကို ဖွင့်လှစ်ပြသကာ ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေး ဥပဒေများနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောသည်။ ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(ရန်ကုန်)မှ ဒုတိယရဲအုပ် လင်းထွဋ်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လေပွေလှိုင်း ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်


**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆပ်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေပွေလှိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ယနေ့နေ့လယ်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ



ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# သဘာဝဘေးဒဏ် မှုရန်မလို အစိုးရနှင့်ပြည်သူ ညီညွတ်ကြဖို့သာလို

မောင်အောင်

"ဟာ ကိုကိုကြိုင်။ မင်းကြက်ခြံက အများကြီး ပြောင်းလဲသွားပါလား။ ပြီးခဲ့တဲ့နှစ် ၉ လပိုင်း ရာဂီမုန်တိုင်းအပြီး ရေကြီးတုန်းက အတော်လေး ယိုယွင်းသွားပြီး အခုတော့ အဆောက်အအုံတွေက ပတ်ကားတောင်ဖြစ်သွားပါလား"

ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာရှိ ဦးကိုကြိုင်၏ ကြက်ခြံအရောက် ဘကြီးအောင် ဝမ်းသာအားရ ပြောလိုက်ခြင်းဖြစ်သည်။ မှန်ပါသည်။ ဦးကိုကြိုင်၏ ကြက်ခြံသည် ဆင်သေကျေးရွာတွင်ရှိသည်။ မြေငါးဧကကျော်ကျော် ကျယ်သော်လည်း၊ မြေပြန့်မဟုတ်။ ကျင်းတွေ ချိုင့်တွေရှိသည်။ ဦးကိုကြိုင်က ပညာတတ်တစ်ဦးပီပီ မြေကို အကျိုးရှိစွာအသုံးချသည်။ မြေကြီးကုန်းမို့မို့နေရာများတွင် ကြက်ခြံဆောက်သည်။ ကြက်မွေးသည်။ ကျင်းများ၊ ချိုင့်များတွင် မြေကို ပြုပြင်သည်။ ချိုင့်ကိုပြုပြင်ပြီး ငါးမွေးသည်။ သည်တော့ ဦးကိုကြိုင်၏ ဘက်စုံမွေးမြူရေးခြံကလေးသည် ငါးကန်နှင့် ကြက်ခြံနှင့် ရှုချင်စဖွယ်ဖြစ်သည်။ ကြက်ခြံတစ်ခြံနှင့်တစ်ခြံလည်း ကပ်၍ မနေသဖြင့် ဇီဝလုံခြုံမှုကောင်းသည်။ ကြက်ခြံရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေကောင်းလေသန့်ကြောင့် ကြက်ခြံများ အနံ့အသက်ကင်းသည်။ ကြက်များ ကျန်းမာသန်စွမ်းကြသည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်

သို့သော် ပြီးခဲ့သည့်နှစ် ရာဂီမုန်တိုင်းတိုက်အပြီးတွင် အခါမဲ့ မိုးသည်းထန်စွာရွာသည်။ မိုးကြီးသည်။ ဘကြီးအောင်တို့ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မကြုံဖူးသည့် မိုးကြီးသည်းထန်စွာ ရွာခြင်းဖြစ်သည်။ မြန်မာပြည်အလယ်ပိုင်း ရေရှားပါးသည့် ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်တို့တွင် ယာခင်းတွေ ရေကြီးသည်။ နေပြည်တော် ပျဉ်းမနားတွင် စိုက်ပြီးစပါးခင်းများ ရေကြီး၍ရွှံ့နွံတွေ ဖုံးလွှမ်းကုန်သည်။ နေပြည်တော်နှင့် တပ်ကုန်းကြား ဆက်သွယ်ထားသည့် ကွန်ကရစ်တံတားကြီး ပြိုကျပျက်စီးသည်။ ပုဗ္ဗသီရိနှင့် နေပြည်တော် မန္တလေးသွားကားလမ်းကို ဆက်သွယ်ထားသည့် ဆင်သေချောင်းတံတားကြီး ရေထဲမျောပါခဲ့သည်။ ဆင်သေချောင်းနံဘေးရှိ တဲအိမ်ကလေးများ အလုံးလိုက် ဆင်သေချောင်းရေတွင် မျောပါခဲ့ကြသည်။

သည်တော့လည်း ဆင်သေရွာရှိ ဦးကိုကြိုင်၏ မွေးမြူရေးခြံကလေးသည် ဆင်သေချောင်းရေဖြင့် ဖုံးလွှမ်းသွားသည်။ ငါးကန်တွေ ရေကျော်သဖြင့် ငါးတွေလွတ်ကုန်သည်။ ကြက်ခြံတွေပျက်စီးသည်။ မွေးထားသည့် ကြက်ကောင်ရေ ၄၀၀၀၀ လည်း ရေနစ်၍ သေကုန်သည်။ ရေထဲမျောပါသွားကြသည်။

သဘာဝဘေးဒဏ်ကြုံတွေ့လျှင် ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက်လေ့ရှိသည့် နိုင်ငံတော်အကြီးအကဲက ဝန်ကြီးများနှင့်အတူ ရေကြီးနစ်မြုပ်သည့်နေရာများသို့ကိုယ်တိုင် ကွင်းဆင်း၍ကြည့်သည်။



နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေးပြီး ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။(၁၈-၉-၂၀၂၄)

ဒုက္ခသည်များကို အားပေးစကားပြောသည်။ လတ်တလောလိုအပ်ချက်များကို ထောက်ပံ့ပေးပြီး ဝန်ကြီးဌာနများအလိုက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်သည်။ ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်စေသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ရေး တွန်းအားပေးသည်။

### သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံ

သည်တော့လည်း ဘကြီးအောင်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေဖုံးလွှမ်းသွားသော လယ်များ၊ ယာများကို စာရင်းကောက်သည်။ ရေပြန်ကျသွားသည့်အချိန်တွင် ပျက်စီးသည့်လယ်များ ဆက်လက်ရှင်သန်နိုင်မည့် လယ်များ၊ ပြန်လည်စိုက်ပျိုးရမည့် လယ်များကို စာရင်းပြုစုရသည်။ ပြန်လည်စိုက်ပျိုးရမည့်လယ်များ ပြန်လည်ထွန်ယက်ရေး လိုအပ်သည့်မျိုးစေ့၊ သွင်းအားစုဓာတ်မြေသြဇာ တွက်ချက်ရသည်။ စုဆောင်းရသည်။ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ရမည့် လူသားတို့၏ အားမာန်ဖြင့် လိုအပ်သည်များကို စုဆောင်းဖြစ်သည်။

သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ဘကြီးအောင် မှတ်မိသေးသည်။ ဘကြီးအောင်တို့ အထက်တန်းကျောင်းသားဘဝ၊ ၁၉၆၆ ခုနှစ်လောက်က ရခိုင်မှာ မုန်တိုင်းအကြီးအကျယ်ဝင်၍ ပြည်သူများ အတိဒုက္ခရောက်ခဲ့ကြသည်။ ထိုအချိန်တုန်းက ဘကြီးအောင် အထက်တန်းကျောင်းသားဘဝဖြစ်နေ၍ သတင်းစာထဲက သတင်းကိုဖတ်၍ ရခိုင်ပြည်နယ်ရှိ ကိုယ့်ညီအစ်ကိုမောင်နှမ တိုင်းရင်းသားများအတွက် စိတ်မကောင်းတော့ ဖြစ်ခဲ့ဖူးသည်။ ကိုယ်တွေ့မဟုတ်တော့ သိပ်ပြီးတော့ မခံစားရ။

၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်း တိုက်သောအခါ ဘကြီးအောင် နိုင်ငံ့ဝန်ထမ်းဖြစ်နေပြီ။ မွေးကုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေပြီ။ နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ထိခိုက်ဆုံးရှုံးမှု အကြီးအကျယ်ဖြစ်သည်။ ထို့ကြောင့်လည်း **"အလှည့်ကျလျှင် မန္တဲ့ကြစတမ်း"** ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘကြီးအောင် ကားတစ်စီးဖြင့် ထွက်ခဲ့ဖြစ်သည်။ လှိုင်သာယာ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ဖျာပုံအထိ ထွက်ခဲ့သည်။ လမ်းခရီးတစ်လျှောက် အပျက်အစီး၊ အဆုံးအရှုံးများကို ကူညီရင်း၊ အားပေးရင်း ကွမ်းခြံကုန်းရောက်သည့်အခါ ဘကြီးအောင်တို့ မွေးကုဦးစီးဌာန မြို့နယ်ရုံး၊ ပြင်းထန်စွာဆောင့်ဝင်လာသည့် ရေလုံးကြောင့် ရုံးအဆောက်အအုံပြိုကျပြီး ရေထဲမျောသွားသည်။ ညအချိန်ဖြစ်၍ တစ်ဦးကိုတစ်ဦး မကယ်နိုင်။ မြို့နယ်ဦးစီးမှူး၏ အသက် ၄၀ ကျော်အရွယ် ဇနီးနှင့် ၁၆ နှစ် အရွယ်သားပါ ရေထဲမျောပါသွားသည်။ မြို့နယ်ဦးစီးမှူးနှင့် သူ့ယောက္ခမကြီးသာ မြို့အဝင်က ပေ ၃၀ ခန့်မြင့်သည့် ကွန်ကရစ်ရေစင်ကြီး၏ တိုင်လုံးများကို ဖက်တွယ်၍ကျန်ခဲ့သည်။ ည ၁၀ နာရီခွဲခန့် ရုံးအဆောက်အအုံပြိုကျ ရေထဲပါသွားခြင်းဖြစ်သဖြင့် တစ်ဦးကိုတစ်ဦးမကယ်နိုင်။ နံနက်မိုးလင်းရှာမတွေ့မှ ရေထဲမျောပါသွားကြောင်း သိရခြင်းဖြစ်သည်။

ဘကြီးအောင် ကွမ်းခြံကုန်းရုံးနေရာ ရောက်သွားသည့်အခါ မြို့နယ်မှူး ယောက်ျားရင့်မကြီးက မျက်ရည်လည်ရွဲဖြင့် ဘကြီးအောင်ကို ဝမ်းပန်းတနည်း ပြောပြသည်။ သူ့မိန်းမနှင့် သားနောက်သူပါလိုက်သွားမည်ဟု ပြောနေသည်။ အလောင်းမတွေ့မချင်း သေဆုံးသည်မှာ မသေချာပါ။ တွေ့အောင်ရှာကြရန်သာ ဘကြီးအောင်ပြော၍ နှစ်သိမ့်ရသည်။ နှစ်ရက်လောက်ကြာတော့ ချောင်းအောက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးဇနီးနှင့်သား အလောင်းပြန်တွေ့သည်။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသော်လည်း စိတ်တုံးတုံးချနိုင်တော့သည်။

ဘကြီးအောင် ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေးဘက် ရောက်သောအခါ နာဂစ်ဘေးဒဏ်ကြောင့် ဆုံးရှုံးပျက်စီးမှုများ၊ ကြက်၊ ဝက်၊ ကျွဲ၊ နွားတိရစ္ဆာန်နှင့် လူသေဆုံးမှုများ ထိတ်လန့်ဖွယ်မြင်တွေ့ရသည်။ ဘကြီးအောင်ကိုယ်တွေ့။ အဆိုးရွားဆုံးကတော့ လပွတ္တာမြို့ ဘုရားတန်ဆောင်းဓမ္မာရုံထဲတွင် ဒုက္ခသည်တွေကအပြည့်။ လင်ပျောက်သူ၊ သားပျောက်သူ၊ မယားပျောက်သူများက စုံလှသည်။ ပြန်မလေ့မြစ်ထဲ၊ ချောင်းထဲတွင် ကျွဲနွားအသေကောင်၊ တိရစ္ဆာန်အသေကောင်နှင့် လူသေကောင်များဖြင့် ညှီစို့စို့အနံ့ကြီးက ရေပြင်ကို ညစ်ညမ်းစေသည်။ လူသားအပေါင်းအား စိတ်ထောင်းကိုယ်ကြေဖြစ်စေသည်။

### အားကြိုးမာန်တက် ဆောင်ရွက်ခဲ့

သေသူတွေကတော့ သဘာဝဘေးဒဏ်ကြောင့် သေဆုံးသွားကြပြီ။ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်း ရှင်သူများဖြစ်သည့် ဘကြီးအောင်အပါအဝင် ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက ဒုက္ခသည်များကို ထမင်းထုပ်ဝေသည်။ အားပေးနှစ်သိမ့်စကားပြောသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။

ဤသို့ဖြင့် အခက်အခဲ၊ အကျပ်အတည်းများကို ကျော်ဖြတ်ရင်း ၂၀၂၀ ပြည့်နှစ်ကို ရောက်ခဲ့သည်။ ထိုနှစ် နိုဝင်ဘာတွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပသည်။

ပါတီများ အားကြိုးမာန်တက် ယှဉ်ပြိုင်ကြသည်။ နိုင်ငံတော်တည်ဆောက်ရေးတွင် သာတူညီမျှ ပူးပေါင်းပါဝင်လိုကြသည်။ ဘကြီးအောင်ပင် နိုင်ငံတော်ချစ်သည့် နိုင်ငံသားတစ်ယောက်ပီပီ ရွေးကောက်ပွဲတွင် ဇာတိရပ်ရွာမှ ဝင်ရောက်ယှဉ်ပြိုင်သည်။ ကျေးရွာတွေအရောက်သွားသည်။ တောင်သူများနှင့် ဆွေးနွေးသည်။ စည်းရုံးသည်။ တရားဟောသည်။ ဘကြီးအောင်သည် မြို့အထက်တန်းကျောင်းတွင် ကျောင်းနေစဉ် စာတော်၍ ထိုခေတ်က ကျောင်းသူ ကျောင်းသား အတော်များများက သိသည်။ ဆရာ ဆရာမများ ချီးကျူးသည့်အထဲတွင် ပါသည်။ ဘကြီးအောင်၏ အစ်မအကြီးက လမ်းစဉ်လူငယ်အတွင်းရေးမှူး။ နောက် အစ်မအငယ်နှင့်ညီက ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာကြီး၊ ထို့ကြောင့် ဘကြီးအောင်တို့ မောင်နှမလေးယောက်ကို အတော်များများသိကြသည်။ သို့ဖြစ်၍ ဝင်ရောင်ယှဉ်ပြိုင်ရာတွင် ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်အားရမိသည်။ ရလဒ်ကောင်းရမည်ထင်သည်။ သို့သော် ဘကြီးအောင် မဲမနိုင်ပါ။

ထိုအချိန်က အာဏာရပါတီသည် ကြိုတင်မဲများ၊ နှစ်ခါပြန်ထည့်သည့်မဲများ၊ အသက်ရာကျော် မဲဆန္ဒရှင်များ၏ မဲအရေအတွက်ဖြင့် မဲနိုင်ကြောင်း ကြေညာခဲ့သည်။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများအားလုံးက မဲအဖြေကို မကျေနပ်ကြ။ ပထမက တိုးတိုးကန့်ကွက်သည်။ နောက်ပိုင်းတွင် ကျယ်ကျယ်လောင်လောင် ကန့်ကွက်လာသည်။ ရွေးကောက်ပွဲကော်မရှင်ကို ဖြေရှင်းပေးရန် တောင်းဆိုသည်။ အာဏာရပါတီကို ဖြေရှင်းပေးရန် တောင်းဆိုသည်။ အာဏာရပါတီက တုတ်တုတ်မျှမလှုပ်။ ဖြေရှင်းပေးရန်မကြိုးစား။ လွှတ်တော်ကို ဖွင့်ခေါ်ရန်သာ ကြေညာသည်။ တိုင်းပြည်၏ အချုပ်အခြာအာဏာကို ဖွတ်ရယူရန်သာ ပြင်ဆင်တော့သည်။

ပြည်သူ့အကျိုးကို ထာဝစဉ်ဦးထိပ်ထားသော တပ်မတော်သည် မည်သည့်ပါတီဘက်မှမပါ။ မည်သည့်မူဝါဒမှမယိမ်း။ ဒို့တာဝန်အရေးသုံးပါးကို စောင့်ရှောက်ထိန်းသိမ်းပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကိုသာ တစိုက်မတ်မတ် ထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်၍ အာဏာရပါတီ မဲလိမ်၊ မဲခိုးသည်ကို မကျေနပ်သော ပါတီများက ဤကဲ့သို့သော အခြေအနေတွင် တပ်မတော်သည် လက်ပိုက်ကြည့်မနေဘဲ ရွေးကောက်ပွဲကော်မရှင်နှင့်

**"သဘာဝဘေးဒဏ်ကြုံတွေ့လျှင် ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက်လေ့ရှိသည့် နိုင်ငံတော်အကြီးအကဲက ဝန်ကြီးများနှင့်အတူ ရေကြီးနစ်မြုပ်သည့် နေရာများသို့ ကိုယ်တိုင်ကွင်းဆင်း၍ကြည့်သည်။ ဒုက္ခသည်များကို အားပေးစကား ပြောသည်။ လတ်တလောလိုအပ်ချက်များကို ထောက်ပံ့ပေးပြီး ဝန်ကြီးဌာနများ အလိုက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်သည်။ ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်စေသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန် ဆောင်ရွက်ရေး တွန်းအားပေး"**

*စာမျက်နှာ ၉ သို့*

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းပြည်ပ သတင်းထောက် ၃၀၀၀ ခန့် သတင်းရယူတင်ဆက်လျက်ရှိ

**တီယန်ကျင်း စက်တင်ဘာ ၁** တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ယနေ့ ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး၌ နိုင်ငံတကာမီဒီယာများနှင့် တရုတ်နိုင်ငံအခြေစိုက် မီဒီယာသမားပေါင်း ၃၀၀၀ မှာ မီဒီယာစင်တာ၌ တက်ရောက်၍ သတင်းရယူတင်ဆက်လျက်ရှိပြီး လွယ်ကူစွာ သတင်းရယူ တင်ဆက်နိုင်ရေးအတွက် တရုတ်နိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်ပေးထားသည်။

အဆိုပါ မီဒီယာစင်တာ၌ သတင်းထောက်များ အချိန်နှင့်တစ်ပြေးညီ သတင်းတင်ဆက်နိုင်ရေးအတွက် ပြင်ဆင်ပေးထားပြီး တရုတ်နိုင်ငံ၏ နည်းပညာများနှင့် ယဉ်ကျေးမှုလက်မှုပညာများကို လေ့လာခွင့်ရရှိရန် စီစဉ်ထားသည်။

မီဒီယာစင်တာ၌ နည်းပညာမြင့် စက်ရုပ်များကိုပါ ထည့်သွင်းဝန်ဆောင်မှုပေးထားပြီး Xiaohe အမည်ရှိ စက်ရုပ်အမျိုးသမီးက သတင်းထောက်များ၏ သိရှိလိုသည်များကို ရှင်းလင်းဝန်ဆောင်မှု ပေးလျက်ရှိသည်။

**ဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေ**

"စိတ်ဝင်စားစရာကောင်းသလို တရုတ်နိုင်ငံရဲ့ နည်းပညာကဏ္ဍ တိုးတက်မှုကိုလည်း တွေ့နိုင်ပါတယ်။ စက်ရုပ်အမျိုးသမီးက သတင်းထောက်တွေ သိလိုတဲ့ အချက်အလက်တွေကို ပြောပြတယ်။ သူနဲ့ဆက်သွယ်ဖို့က သိပ်ကိုလွယ်ကူမှုရှိတယ်။ မီဒီယာစင်တာမှာ အခြားဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေလည်း ရှိတယ်။ ရေခဲမုန့်ပြင်ဆင်ပေးတဲ့ စက်ရုပ်ရှိသလို၊ လက်အမူအရာကို ကြည့်ပြီး လိုက်ပါလှုပ်ရှားတဲ့ စက်ရုပ်ကိုလည်း မြင်တွေ့ရတယ်။ အချို့စက်ရုပ်တွေက အထုပ်အပိုးတွေကို သယ်ယူမှုသရုပ်ပြပေးနေတယ်။ သတင်းထောက်တွေ လိုအပ်တဲ့အချိုရည်နဲ့ ရေဘူးတွေကိုတော့ စင်တာတစ်ခုလုံးကို လှည့်ပတ်သွားလာပြီး ဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေဆီကနေ အလွယ်တကူယူလို့ရတယ်"ဟု ဥရောပဒေသတွင်းမှ သတင်းထောက်တစ်ဦးက ပြောကြားသည်။

အဆိုပါစင်တာ၌ တိုက်ရိုက်သတင်းတင်ဆက်မှုအတွက် အပြင်အဆင်များ၊ Multi Camera စနစ်များ၊ အလိုလျောက် သတင်းစာသားရေးထိုးမှုစနစ်များနှင့် သတင်းထုတ်လွှင့်ရန်အတွက် စတူဒီယိုများစွာကို ဖန်တီးအားဖြည့်ထားသည်ကို မြင်တွေ့ရသည်။

ထို့ပြင် Augmented Reality (AR) နှင့် Virtual Reality (VR) ပြခန်းများကိုလည်း တင်ဆက်ပြသထားပြီး သတင်းထောက်များ



လက်အမူအရာကိုကြည့်ပြီး လိုက်ပါလှုပ်ရှားနေသည့် နည်းပညာမြင့်စက်ရုပ်ကို တွေ့ရစဉ်။

အတွက် နည်းပညာပံ့ပိုးမှုပေးအပ်သွားမည်ဖြစ်သည်။ မြန်နှုန်းမြင့်အင်တာနက်အား မီဒီယာစင်တာတစ်ခုလုံး လွှမ်းခြုံနိုင်စေရန် စီစဉ်ပေးထားသည့်အပြင် သတင်းထုတ်ပြန်ချက်များနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ ကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပေါင်းများစွာကိုလည်း သတင်းရယူနိုင်ကြသည်။

သတင်းထောက်များအနေဖြင့် မီဒီယာစင်တာ၌ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများကို လေ့လာနိုင်မည်ဖြစ်ပြီး ကိုယ်တိုင်ဝင်ရောက်စမ်းသပ်ပါဝင်နိုင်ကြောင်း သိရသည်။

**ခင်ရတနာ**

*စာမျက်နှာ ၈ မှ*

အာဏာရပါတီက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပေးပါရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တောင်းဆိုလာသည်။ ပါတီအများစု၏ ဆန္ဒသည် ပြည်သူ့ဆန္ဒပင်ဖြစ်သည်။ ထို့ကြောင့်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆန္ဒကို မျက်ကွယ်ပြု၍မရပါ။ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအင်ကို ဖြည့်ဆည်းပေးရန်မှာ တပ်မတော်၏တာဝန်ဖြစ်သည်။ ထိုသို့သာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခံယူသည်။

သို့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဏာရပါတီနှင့် အစိုးရအဖွဲ့ကို နှစ်ကြိမ်တိုင် ဖြေရှင်းပေးရန် စာဖြင့်တင်ပြသည်။ အရေးယူဆောင်ရွက်မှုမပြု။ လူကိုယ်တိုင် တွေ့ဆုံမေးမြန်းရန် ခွင့်တောင်းသည်။ တွေ့ခွင့်မရပါ။

ဤသို့ဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပါသည်။

တပ်မတော် တာဝန်ယူခဲ့ရသည့်အချိန်သည် နိုင်ငံတော်တစ်ဝန်းတွင် ကိုဗစ်ကပ်ရောဂါဘေးဒဏ် အကြီးအကျယ်ခံစားနေရသော အချိန်ဖြစ်သည်။ ရပ်ကွက်အလိုက် ခြံစည်းရိုးကာ၊ တံခါးပိတ်ထားသည်။ တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ် ကူးသန်းသွားလာ၍မရ။ ကားလမ်းတွေ၊ ရထားလမ်းတွေ၊ လေကြောင်းလမ်းတွေ အားလုံးရပ်ဆိုင်းထားသည်။ စာသင်ကျောင်းတွေပိတ်ထားရသည်။ လူငယ်များ မျက်စိပိတ်၊ နားပိတ်ဖြစ်နေသည်။

ထိုအခြေအနေတွင် တပ်မတော်အစိုးရက ကိုဗစ်ကပ်ရောဂါနှင့် ပတ်သက်၍ တစ်ကိုယ်ရေ သန့်ရှင်းရေးမှအစ ကာကွယ်ဆေးထိုးမှုအပါအဝင် ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကို အလေးအနက်ထား၍ ဆောင်ရွက်သည်။ နှာခေါင်းစည်းတပ်ခြင်း၊ လူအုပ်စုတွင်း သွားရောက်မှုရှောင်ကြဉ်ခြင်းအပါအဝင် ပညာပေးမှုများကို အလေးအနက်ထား ဆောင်ရွက်သည်။ စာသင်ကျောင်းများတွင် လက်ဆေးခွက်ထား၍ လက်ဆေးခြင်းအပါအဝင် ကူးစက်ရောဂါထိန်းချုပ်ရေး၊ စည်းကမ်းများ အလေးအနက် လိုက်နာစေပြီး စာသင်ကျောင်းများကို ပြန်ဖွင့်သည်။ **လူငယ်များ အသိအမြင်ဗဟုသုတရရေး၊ ပညာတတ်ရေး စာသင်ကျောင်းများကို အချိန်တိုအတွင်း ဖွင့်လှစ်နိုင်မှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (တပ်မတော်အစိုးရ) ၏ ပထမအဆင့် သဘာဝဘေးဒဏ်ကို ပြည်သူနှင့်ပူးပေါင်း၍ ကြံ့ကြံ့ခံတွန်းလှန်နိုင်သည့် သမိုင်းတင်ရမည့် အောင်မြင်မှုဖြစ်သည်။**

ဒုတိယအောင်မြင်မှုက မိုခါ။

၂၀၂၃ ခုနှစ် ဇွန်လတွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်သည်။ မတိုက်ခတ်မီ နိုင်ငံတော်၏ မိုးလေဝသဌာနက ကြိုတင်ကြေညာသည်။ မြစ်ကမ်းစပ်တွင် နေထိုင်ကြသူများ၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရန်ဖြစ်သည်။ မိုးလေဝသ၏ကြေညာချက်ကို ယုံကြည်သူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြသည်။ မကြောက်သူများ၊ မယုံကြည်သူများက မရွှေ့ပြောင်းကြ။ မျက်ကန်းတစ္ဆေမကြောက်ဖြစ်သည်။ သည်တော့ မိုခါမုန်တိုင်းဝင်ရောက်လာသည့်အခါ မဆုံးရှုံးသင့်သည်များ ဆုံးရှုံးရသည်။ လူမသေမပျောက်သင့်သည်ထက် ပိုမိုသေပျောက်ရသည်။ စစ်တွေတွင်ရှိသမျှ အဆောက်အအုံများ၏ အမိုးများလွင့်စင်ကုန်သည်။ ခြံစည်းရိုးအုတ်တံတိုင်းများလည်း ပြိုကြသည်။ အဆင့်မြင့်အဆောက်အအုံများ မိုးဒဏ်လေဒဏ် ကောင်းကောင်းခံရသည်။

**အပျက်အစီးများကို ရှင်းလင်းဖယ်ရှား**

မိုခါမုန်တိုင်းတိုက်အပြီး နောက်တစ်နေ့တွင် နိုင်ငံတော်အကြီးအကဲက ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ အပါအဝင် အဖွဲ့စုံဖြင့် စစ်တွေမြို့သို့ ရောက်သွားသည်။ အပျက်အစီးများကို ကြည့်ရှုစစ်ဆေးသည်။ မုန်တိုင်းဒဏ်သင့်ပြည်သူများ၊ အိုးအိမ်ဆုံးရှုံးသူများကို အမိုးအကာအောက် ချက်ချင်းရောက်စေရန် စီမံကွပ်ကဲသည်။ အစားအသောက်များကို ချက်ချင်းမျှဝေပေးရန် စီမံကွပ်ကဲသည်။ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ခေါ်ယူစုစည်းပြီး အပျက်အစီးများကို ရှင်းလင်းဖယ်ရှားသည်။ ပျက်စီးသွားသည့် သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် ပုဂ္ဂလိကနေအိမ်များပြုပြင်ရန်၊ အိမ်ဆောက်ပစ္စည်းများ စစ်တွေသို့ စုစည်း၍ ပို့စေသည်။ အပျက်အစီးများ ရှင်းလင်းသွားသည့် နေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီမံကွပ်ကဲသည်။

နိုင်ငံတော်အကြီးအကဲ၏ စီမံကွပ်ကဲမှုဖြင့် ဒုတိယအသုတ်တွင် ဘကြီးအောင် စစ်တွေကို ပါသွားသည်။ ဘကြီးအောင်ရောက်သွားချိန်သည် မိုခါမုန်တိုင်းတိုက်အပြီး တစ်လအကြာတွင်ဖြစ်သည်။ အပျက်အစီးတော်တော်များများ ဖယ်ရှားရှင်းလင်းပြီးချိန်ဖြစ်သည်။ ဘကြီးအောင်တို့ ကိုယ့်ဝန်ကြီးဌာနတာဝန်အလျောက် ကိုယ်လုပ်ကြသည်။ သာသနာရေးက သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများ ပြန်လည်ပြင်ဆင်မှု စီမံကွပ်ကဲသည်။ လျှပ်စစ်က မီးလင်းရေး အားသွန်ခွန်စိုက်ကြိုးပမ်းသည်။ ဆက်သွယ်ရေးက ဖုန်းလိုင်းများ ပြန်လည်ကောင်းမွန်ရေး အားစိုက်သည်။ သစ်တောနှင့် သယံဇာတအဆာက်အအုံများ ပြန်လည်ဆောက်လုပ်ရန် သစ်ရရှိရေး သစ်လုံးများ သယ်ယူလွှစင်များ ထောင်ပြီး သစ်ခွဲသားများ ထုတ်ပေးသည်။

ဘကြီးအောင်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကတော့ မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ လယ်များအတွက် စပါးမျိုးစေ့ကို ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မှာယူ၍ ရခိုင်ပြည်နယ်သို့တင်ပို့စေပြီး မျိုးစေ့ဖြန့်သူကဖြန့်၊ ထွန်စက်များဖြင့် ထွန်ယက်သူက ထွန်ယက်၊ ပျိုးထောင်သူက ပျိုးထောင်၊ ကောက်စိုက်သူက ကောက်စိုက်ကြသည်။ သက်ရှိသတ္တဝါတိုင်းအတွက် အရေးကြီးသည်မှာ စား၊ ဝတ်၊ နေရေးပင်ဖြစ်သည်။ ကမ္ဘာဦးအစမှ ယနေ့အချိန်အထိ အရေးကြီးသည့် သည်သုံးချက်သည် မဖောက်မပြန် မှန်ကန်နေဆဲဖြစ်သည်။ ထို့အတွက် စားရေးအတွက် ပျက်စီးသွားသောလယ်ကွက်များတွင် စပါးပြန်စိုက်ကြသည်။

သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ဒုက္ခကို နိုင်ငံတော်အကြီးအကဲအပါအဝင် ပြည်သူ့ဝန်ထမ်းများက မျှဝေခံစားရင်း ဝိုင်းဝန်းကူညီသောအခါ ပြည်သူများ ဝမ်းသာကြည်နူးကြသည်။ ခံစားပီတိရင်ဝယ်ငြိမိသည်။ ထိုအချိန်တုန်းက မိုခါမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံတွန်းလှန်ခဲ့သည့် ပြည်သူတို့၏အားမာန်ကို ဘကြီးအောင်က **"မိုခါကိုအန်တု စံပြုထိုက်သည့် ပြည်သူတွေ"** ဟု ဂုဏ်ပြုခံစားမိသည်။ မှတ်တမ်းတင်ခဲ့သည်။ ထို့အတူ ဒေသခံပြည်သူများအား လိုအပ်သည့် မျိုးစပါးများ ထောက်ပံ့ရင်း၊ ထွန်စက်များ အားဖြည့်ကူညီရင်း ကျန်ရှိသေးသည့် ဝန်ကြီးဌာန၏ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် ဘကြီးအောင်တို့ ဒုတိယဝန်ကြီးများအဖွဲ့ စစ်တွေကို နှုတ်ဆက်၍ နေပြည်တော်သို့ ပြန်ခဲ့ရပါသည်။ သည်တုန်းက စစ်တွေတွင် ပြည်သူများနှင့် ပူးပေါင်းလှုပ်ရှားခဲ့ရမှုများကို တွေ့မြင်ခံစားရင်း **"သာလီစွပါ ဓညဝတီ"** ဖြင့် စစ်တွေကို နှုတ်ဆက်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင်ကား မမျှော်လင့်သည့် ရာဂီမုန်တိုင်း တိုက်ခတ်ခဲ့ပါသည်။ မထင်မှတ်သည့် မိုးကြီးသည်းထန်စွာရွာသည်။ အညာအရပ်ဒေသတွင် ရေတွေကြီးသည်။ လယ်တွေပျက်သည်။ ချောင်းဘေးက အိမ်တွေမျောပါကြသည်။ ဘကြီးအောင်တို့ တာဝန်ထမ်းဆောင်ရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း သဘာဝဘေးဒဏ်သည် တစ်နှစ်တစ်မျိုး မရိုးနိုင်အောင် စည်းလုံးညီညွတ်မှုရှိသော ပြည်သူနှင့် အစိုးရကို စိန်ခေါ်သည်၊ အားစမ်းသည်။

၂၀၂၂ ခုနှစ်က ကိုဗစ်ကပ်ရောဂါ၊

၂၀၂၃ ခုနှစ်မှာ မိုခါမုန်တိုင်း၊

၂၀၂၄ ခုနှစ်မှာ ရာဂီ။

ဖွဲ့ကြီးသော အစိုးရ၊ ပြည်သူ့အကျိုးကို ထာဝရဦးထိပ်ပန်ဆင်သော အစိုးရ၊ တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲခိုင်ခိုင်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးကို၊ အားကြိုးမာန်တက် ဆောင်ရွက်နေသည့် ကာလတွင် သဘာဝဘေးဒဏ်က အစိုးရနှင့် ပြည်သူ၏အားမာန်ကို နည်းမျိုးစုံဖြင့် စမ်းသပ်ခဲ့ပါသည်။

သို့သော်လည်း နိုင်ငံတော်နှင့်ပြည်သူ၏ ခိုင်မြဲသော စည်းလုံးညီညွတ်မှုကို တစ်စက်ကလေးမျှ မထိခိုက်စေနိုင်ပါ။ သို့ဖြစ်၍လည်း ဘကြီးအောင်၏ ရင်ထဲကခံစားချက်များဖြင့် **"ရာဂီလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"**နှင့် **"ရာဂီကိုအန်တု စံပြုထိုက်သည့် ဒို့ပြည်သူ"** ဟူသော ဆောင်းပါးများ မွေးဖွားဖြစ်သည်။

သို့ဖြစ်၍လည်း ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် ဆင်သေရွာမှ ဦးကိုကြိုင်က ရာဂီမုန်တိုင်းအပြီး စုတ်ပြတ်သွားသည့် သူ့မွေးမြူရေးခြံဝိုင်းအတွင်း နိုင်ငံတော်က ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေးငွေပေးသည့်အကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးချေးငွေဖြင့် သူ့ခြံကို ပြန်လည်ထူထောင်ခဲ့ကြောင်း၊ ရာဂီမုန်တိုင်း မတိုက်ခင်ကထက် ပို၍ ကောင်းမွန်အဆင့်မြင့်သည့် သည်ခြံကို ပြန်လည်ထူထောင်နိုင်ကြောင်း ရှင်းပြရင်း ဦးကိုကြိုင်ပြောသည့် နိဂုံးချုပ်စကား တစ်ခွန်းက ဘကြီးအောင်ရင်ထဲစွဲသွားလျက်ရှိပါသည်။ အဲဒီစကားက **"သဘာဝဘေးဒဏ်မှုရန်မလို အစိုးရနှင့်ပြည်သူ ညီညွတ်ဖို့သာလို"** တဲ့။ ။

## သမိုင်းဝင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းကို KBZ GROUP မှ ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂရန်အမည်ပေါက် မြေကွက်ကိုးကွက် ဂုဏ်ပြုချီးမြှင့်

**တောင်ကြီး စက်တင်ဘာ ၁**

ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့၌ ကျင်းပခဲ့သည့် Esports အားကစား ကမ္ဘာ့ဖလားပြိုင်ပွဲ ၂၀၂၅ တွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သော သမိုင်းဝင်မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Yangon Galacticos အသင်းကို KBZ GROUP မှ တောင်ကြီးမြို့၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် ငွေကျပ် သိန်း ၁၀၀၀၀ နှင့် ဂရံအမည်ပေါက် မြေကွက်ကိုးကွက်ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဦးအောင်ကိုဝင်း၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ချန်ပီယံ Esports အားကစားသမားများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် Esports ဝါသနာရှင်လူငယ်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ Esports အားကစားအသင်းကို ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက က Yangon Galacticos အားကစားအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀၀၀ အား လည်းကောင်း၊ မြန်မာ Esports အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အောင်ပွဲရ လူငယ်အားကစားသမားများ တစ်ဦးချင်းစီအတွက် တောင်ကြီးဂါးဒင်းစီးတီး (Taunggyi Garden City) မှ ပေ ၄၀ x ပေ ၆၀ အကျယ်ရှိ ဂရန်မြေကွက် ကိုးကွက်ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်သည်။




မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို KBZ BANK, KBZPay နှင့် KBZ GROUP တို့က ၂၀၁၈ ခုနှစ်မှစတင်ကာ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် ယခုကဲ့သို့ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံဆု ရရှိစေရန်အတွက်လည်း ထောက်ပံ့ကူညီပေးခဲ့ရာ ယနေ့အထိ ကျပ်ငွေ ၄ ဒသမ ၈ ဘီလီယံကျော် ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပေါင်းတည်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်

**ပေါင်းတည် စက်တင်ဘာ ၁**

ပေါင်းတည်မြို့၌ အမှတ်စဉ် (၁/၂၀၂၅) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါင်းတည်မြို့နယ်စက်မှုလယ်ယာ စခန်း (ဆွယ်) သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကိုကိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တောင်ပေါ်သားရီရှင်း စိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ Sale Advisor ဦးဝင်းသန်း၊ ဖန်တီးရှင်ကူဘိုတာ လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်မှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မျိုးခန့်၊ Marketing Coordinator ဦးထင်စိုင်းတို့က စက်နှင့် စက်ကိရိယာများ အကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ လယ်ယာသုံးစက်ကိရိယာများနှင့် ပူးပေါင်းကုမ္ပဏီသုံးခုက တောင်သူ ၁၅၀ ခန့်နှင့် သင်တန်းသား ၅၀ ကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း ကျောင်းသားကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က မှော်ဘီမြို့နယ် အထက(မြောင်းတကာ) ကျောင်း၌ ကျင်းပရာ မှော်ဘီတပ်ဖွဲ့စု(၆၄)မှ ဒုရဲမှူး အောင်ဇော်က ကျောင်းသားကျောင်းသူများ လိုက်နာရမည့်စည်းကမ်းများကို အသိပညာပေး ရှင်းလင်းပြောကြားစဉ်။ ဇင်မင်းထိုက်(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(ငန်းတေး)အတွက် အက်တမ်မြန်မာလီမိတက်က ICT Lab ဆောက်လုပ်လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၁**

အက်တမ်မြန်မာလီမိတက်မှ ICT Lab လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ(ငန်းတေး)၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ATOM Myanmar Limited အမှုဆောင်အရာရှိချုပ်နှင့် စီမံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ATOM Myanmar Limited မှ စီမံအုပ်ချုပ်မှုအဖွဲ့ဝင်များက ICT Lab ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(ယာပုံ) အက်တမ်မြန်မာလီမိတက်မှ တာဝန်ရှိသူများက ICT Lab ဆိုင်ရာ စာရွက်စာတမ်းများကို ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှုသည် လူတိုင်းအတွက် မဖြစ်မနေလိုအပ်နေပြီဖြစ်၍ နည်းပညာအသုံးချတတ်ခြင်းသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အလုပ်အကိုင်များ အဆင့်အတန်းတိုးတက်ရန် လွန်စွာအထောက်အကူဖြစ်စေကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာတတ်လူငယ်များဖြစ်စေရန် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ သင်ယူစေခြင်း IT နှင့် AI နည်းပညာများ သင်ယူလေ့လာစေခြင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး ဘာသာတရားနှင့် ကိုက်ညီသော သုတ ရသစာပေ လေ့လာစေခြင်းဖြင့် နိုင်ငံတော်အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံလျက်ရှိရာ ကျောင်းသားလူငယ်မောင်မယ်များအနေဖြင့် အထူးအလေးထား ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ATOM Myanmar Limited ၏ အမှုဆောင်အရာရှိချုပ်(CEO) Mr. Ahmad က နှုတ်ခွန်းဆက်စကားပြောကြားပြီး ATOM Myanmar Limited ၏ ကော်ပရိတ်ရေးရာရှိချုပ်က ICT Lab လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ အခြေခံပညာ အထက်တန်းကျောင်းခွဲ(ငန်းတေး)မှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများပေးအပ်ပြီး အခြေခံကွန်ပျူတာနှင့် နည်းပညာသုံးပစ္စည်းများပါဝင်သော စာသင်ခန်း (ICT Labs) တပ်ဆင်ထားရှိမှုနှင့် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ (၄/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံပညာရေးဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းမှ ရလဒ်ကောင်းများရရှိစေရန် ပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများ၏ အားသွန်ခွန်စိုက်ညွှန်ကြားပြသပေးနေမှုကို စနစ်တကျ နာယူမှတ်သားလေ့လာကြပြီး မိမိတို့၏ တိုင်းရင်းသား ကလေးသူငယ်များကို ထိရောက်စွာ ပြန်လည်သင်ကြားပြုစုပျိုးထောင်ပေးကြစေလိုကြောင်းပြောကြားပြီး တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမ ၄၇ ဦးအတွက် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘားအံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်သည့် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲတွင် ဘားအံပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများက အခြေခံဘာသာစကားသင်ပြနည်း၊ နိုင်ငံချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေး၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် စသည့်ဘာသာရပ်များကို စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။



ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားကျင်းပရေးကော်မတီ၏ (၁/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက လုံခြုံရေး၊ ပြခန်းများခင်းကျင်းပြသရေး၊ ရန်ပုံငွေရှာဖွေသုံးစွဲရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး အထောက်အကူပြုလုပ်ငန်းကော်မတီ အတွင်းရေးမှူးများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**





# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာ့ခြင်းလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယကနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီးက အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ယနေ့ယှဉ်ပြိုင်သည့် ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့နယ် အားကစားရုံနှင့်အားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွင်းအတွင်း ရေများဝင်ရောက်နေမှုကို ဒေသအာဏာပိုင်များနှင့်တင်ပြစီမံ၍ စည်ပင်ရေနုတ်မြောင်းအတွင်းသို့ စီးဝင်နိုင်စေရန် ကိစ္စရပ်များ၊ ဘောလုံးကွင်းမြေသားပြုပြင်မှုကို မကြာမီကျင်းပမည့် ပြိုင်ပွဲမတိုင်မီ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အားကစားရုံအတွင်း ဘတ်စကက်ဘောအားကစားကွင်းကိုအသုံးပြုနိုင်ရေးအတွက် ပြင်ဆင်နိုင်ရေးကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

**(၁-၉-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၄-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃၆၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လ နှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

“လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်” ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ဆက်လက်ကျင်းပသည်။

ဦးစွာ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် လူငယ်စွန့်ဦး တီထွင်လုပ်ငန်းများ၊ နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း စသည့် ခေါင်းစဉ်ငါးခုကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက “လန်းဆန်းနိုးထဉာဏ်စမ်းအစီအစဉ်”အဖြစ် Energizer Quiz များကို ပါဝင်ဖြေကြားကြပြီး အဖွဲ့လိုက်ဆွေးနွေးထားသော ဆွေးနွေးချက်များကို ကိုယ်စားပြုလူငယ်တစ်ဦးစီက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာ



လူငယ်ဖိုရမ်ကြေညာစာတမ်း ရေးသားထုတ်ပြန်ခြင်းနှင့် ဖိုရမ်ဆင်းလူငယ်များ ကွန်ရက်ဖွဲ့စည်းကြောင်း ကြေညာခြင်းအစီအစဉ်တွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို ဆွေးနွေးပြောကြားစဉ်။

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက လူငယ်အမြင်နှင့် ဆန္ဒစစ်တမ်းကို ဖြေဆိုကြပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်း (မူကြမ်း)ရေးဆွဲမှု၊ ဖိုရမ်ဆင်းလူငယ်ကွန်ရက်ဖွဲ့စည်းမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုလူငယ် ၁၅ ဦးတို့က အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်- ၂၀၂၅ ကြေညာစာတမ်းကို အတည်ပြုဖတ်ကြားကြသည်။

ဆက်လက်၍ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုတို့က ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

ဖိုရမ်အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ခင်းကျင်းပြသထားသည့် MSME အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ **သတင်းစဉ်**

## မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်း ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်း ထုတ်ပြန်ခဲ့သည်။

အဆိုပါဖိုရမ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ လူငယ်အချင်းချင်း အပြန်အလှန်လေးစားမှု၊ အတူတကွ ပညာရှာမှီးမှု၊ အတူတကွ တီထွင်ဖန်တီးမှုများဖြင့် နိုင်ငံတော်၏ အနာဂတ်ကို အရောက်လှမ်းကြမည်ဟု သန္နိဋ္ဌာန်ပြု ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းကို အေးချမ်းသာယာသော၊ တရားဥပဒေစိုးမိုး၍ လုံခြုံမှုရှိသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်သော၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားသဟဇာတရှိသော နိုင်ငံတစ်ခုကို တည်ဆောက်ကြရန် ရည်ရွယ်သည်။

အဆိုပါ ကြေညာစာတမ်းတွင် ပညာရေးနှင့် ဗဟုသုတကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ၊ တန်းတူညီမျှမှုနှင့် လူမှုဝန်းကျင်တည်ငြိမ်မှုကဏ္ဍ၊ ဒီမိုကရေစီနှင့် အရည်အချင်းရှိသော ဦးဆောင်မှုကဏ္ဍ၊ လူငယ်များနှင့် တာဝန်ယူမှုကဏ္ဍ စသည့် မြန်မာလူငယ်များ၏ ရည်မှန်းချက်များပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KIA EV 5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion V အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Super Seven Stars Au-tomotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် IM-LS7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကလေးမြို့၌ စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းနှင့် ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ မွမ်းမံသင်တန်းဆင်း

**ကလေး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကလေးခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သည့် စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းနှင့် ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၉) မိုးလင်းရှောင်စောန်း ဘုရားကျောင်း၌ ကျင်းပသည်။



ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ချိုက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထိုက်တန်က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံကိန်းလုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက စက်ချုပ်မွမ်းမံသင်တန်းအတွက် သင်တန်းသုံးပစ္စည်းများ၊ ရက်ကန်းမွမ်းမံသင်တန်းမှ ထွက်ရှိလာသည့် ကုန်ချောပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



အင်္ဂပူမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၁ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန် ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်းတို့ကို ဆိုင်ဝန်ထမ်းများအား လက်တွေ့သရုပ်ပြသ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဖိုရမ်မှာ ကျွန်တော်တို့လို လူငယ်တွေ ဆုံတွေ့ရတာ ဝမ်းသာကြည်နူးစရာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေး ဆိုင်ရာအပြင် ဗဟုဝင်ရိုးကမ္ဘာကြီးမှာ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုလှမ်းချီနိုင်မလဲ၊ စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ အတွေးအခေါ်အမြင်သစ်တွေလည်း ရရှိစေပါတယ်

မောင်တိုးတက်ဝေယံ(မကွေးတိုင်းဒေသကြီး)

လူငယ်များသည် သိလွယ်မြင်လွယ် တတ်မြောက်လွယ်ပြီး စူးစမ်းလိုစိတ်၊ တီထွင်ဆန်းသစ်လိုစိတ်ရှိသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုစိတ်၊ မိမိလူမျိုးကို အောင်မြင်ကြီးပွားလိုစိတ်၊ မျိုးချစ်စိတ်တို့ ကိန်းအောင်းသန္ဓေတည်လျက်ရှိကြသည်။

အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်ကြမည့် လူငယ်များသည် အရည်အသွေးနှင့် စွမ်းဆောင်ရည်ပြည့်ဝမှသာ နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အချိန်တိုအတွင်း ထိရောက်အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဖိုရမ်၌ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏ ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းရိုးသားမှု၊ ရိုင်းပင်းကူညီတတ်မှုနှင့် ထူးခြားဆန်းသစ်သည့် အတွေးအမြင်တို့ကို ပေါင်းစည်းခွင့်၊ နားလည်သိမြင်ခွင့်ရရှိခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများ၊ တိုင်းရင်းသားလူငယ်များ၏ အတွေးအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။


မောင်ပြည့်ဖြိုးကျော်


မောင်တိုးတက်ဝေယံ


မလွင်လွင်မောင်


မနေဇင်ဦး


ဦးမျိုးမြင့်အောင်

**မောင်ပြည့်ဖြိုးကျော်**
**(တနင်္သာရီတိုင်းဒေသကြီး)**

အခုဖိုရမ်က နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာမှာ လူငယ်တွေက ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ခွင့်ရမလဲဆိုတဲ့ အတွေးအမြင်ကို ရရှိစေပါတယ်။ နိုင်ငံအတွက်ဆိုရင် လူငယ်တိုင်းမှာ တာဝန်ရှိပါတယ်။ ဒေသဖွံ့ဖြိုးဖို့ဆိုရင် လူငယ်ထုရဲ့ စွမ်းရည်ပြည့်ဝဖို့၊ စွမ်းပကားကြီးမားနေဖို့ လိုပါတယ်။ အခုလိုဖိုရမ်ကရရှိတဲ့ အတွေးအမြင်တွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးသွားမှာဖြစ်ပြီး ဖိုရမ်ရဲ့ရည်မှန်းချက်ကို ဖော်ဆောင်ရာရောက်အောင် လူငယ်ထုရဲ့စွမ်းအား ပိုမိုမြင့်မားတိုးတက်လာအောင် စွမ်းဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

**မောင်တိုးတက်ဝေယံ**
**(မကွေးတိုင်းဒေသကြီး)**

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာမတွေ့ရတဲ့ အသစ်အဆန်းတွေကို တွေ့မြင်ရတဲ့အတွက် အံ့ဩဝမ်းသာမိပါတယ်။ ဖိုရမ်မှာ ကျွန်တော်တို့လို လူငယ်တွေဆုံတွေ့ရတာ ဝမ်းသာကြည်နူးစရာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေးဆိုင်ရာအပြင် ဗဟုဝင်ရိုးကမ္ဘာကြီးမှာ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုလှမ်းချီနိုင်မလဲ၊ စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ အတွေးအခေါ်အမြင်သစ်တွေလည်း ရရှိစေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံအကြောင်းအရာတွေကို သိရှိထားအောင်၊ ပြောင်းလဲလာတဲ့ ကမ္ဘာကြီးကို နားလည်လာအောင် အခုလူငယ်ဖိုရမ်က အထောက်အပံ့တွေ ရစေပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမယ့် အရည်အသွေးရှိတဲ့ လူငယ်များစွာကို ဒီဖိုရမ်က မွေးထုတ်ပေးနိုင်မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်။

**မလွင်လွင်မောင်**
**(စစ်ကိုင်းတိုင်းဒေသကြီး)**

ဖိုရမ်ကို ပထမဆုံးတက်ရောက်တာဖြစ်ပါတယ်။ ရန်ကုန်ကိုရောက်တော့ မြို့ပြဖွံ့ဖြိုးမှုအငွေ့အသက်တွေက စိတ်လှုပ်ရှားမှုကို ခံစားရပါတယ်။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်တွေနဲ့ ဒီလိုတွေ့ဆုံခွင့်ရဖို့ဆိုတာ မလွယ်ကူပါဘူး။ နိုင်ငံတကာက ပညာရှင်တွေရဲ့ ဆွေးနွေးပို့ချမှုတွေက လူငယ်တွေ ဗဟုသုတရပြီး နိုင်ငံရဲ့လိုအပ်ချက်တွေ သိခွင့်ရပါတယ်။ ဘယ်နေရာကနေ ပါဝင်ဆောင်ရွက်ရမယ်ဆိုတဲ့ အသိအမြင်လည်းရရှိစေပါတယ်။ ဖိုရမ်မှာဆွေးနွေးတဲ့ လူငယ်တွေရဲ့စကားသံကို လူကြီးတွေထံတင်ပြခွင့်လည်း ရချင်ပါတယ်။ တိုင်းဒေသကြီးကိုယ်စားပြုတက်ရောက်ရတဲ့အတွက် ဂုဏ်ယူပါတယ်။

**မနေဇင်ဦး**
**(နေပြည်တော်ကောင်စီနယ်မြေ)**

ပြည်ပ ပညာရှင်တွေရဲ့ ဟောပြောဆွေးနွေးမှုကနေ ပညာဗဟုသုတတွေ များစွာရရှိခဲ့ပါတယ်။ ဖိုရမ်နှစ်ရက်တာအတွင်း နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခင်မင်ရင်းနှီးခွင့်ရခဲ့ပါတယ်။ မသိသေးတဲ့အကြောင်းအရာနဲ့ အချက်အလက်တွေကို ထဲထဲဝင်ဝင် သိရှိခွင့်ရခဲ့တာကြောင့် အကျိုးရှိတဲ့ဖိုရမ်တစ်ခု ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ နိုင်ငံအတွက် အခုထက်ပိုမိုကြိုးစားအားထုတ်ရမယ်ဆိုတဲ့ အသိအမြင်တွေကိုလည်း ရရှိစေပါတယ်။

**ဦးမျိုးမြင့်အောင်**
**(ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး)**

အခုဖိုရမ်ကို တက်ရောက်လာကြတဲ့ လူငယ်တွေအနေနဲ့ အသေးစား၊ အလတ်စား MSME လုပ်ငန်းတွေကို သိရှိနိုင်ဖို့ စာအုပ်/စာပေအပါအဝင် အမျိုးအစားပေါင်းစုံတဲ့ ဆိုင်ခန်းပေါင်း ၃၀ ကျော်ကို ပြသထားပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားက MSME လုပ်ငန်း ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေ ဈေးကွက်ရရှိဖို့ အဓိကဖြစ်တာကြောင့် ဈေးရောင်းပွဲသာမကပဲ အက်ပလီကေးရှင်းတွေ အသုံးပြုပြီး ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ပွင့်လင်းရာသီ ရောက်လာရင် ပြည်သူ့ရင်ပြင်မှာ လစဉ် Talk show တွေ၊ ဈေးရောင်းပွဲတော်တွေကျင်းပပြီး MSME ချေးငွေအတွက် ဘဏ်တွေနဲ့ချိတ်ဆက်လို့ရအောင် စီစဉ်ပေးတာတွေလည်း ရှိပါတယ်။

လူငယ်တွေကို အသေးစားကနေ အကြီးစားစက်မှုလုပ်ငန်းကိုသွားတဲ့ လုပ်ငန်းစဉ်တွေကို သိရှိနိုင်အောင်နဲ့ ရန်ကုန်မြို့ရဲ့ အမှတ်တရလက်ဆောင်တွေကိုတစ်နေရာတည်းမှာ ဝယ်ယူနိုင်အောင်စီစဉ်ပေးထားတာလည်း ဖြစ်ပါတယ်။ ဖိုရမ်ကို တက်ရောက်လာကြတဲ့ လူငယ်တွေဟာ စည်းကမ်းတကျနဲ့ တက်တက်ကြွကြွ လှုပ်ရှားမှုကို တွေ့ရပြီး သုံးရက်တာကာလမှာလည်း သူတို့သိချင်တဲ့မေးခွန်းတွေကို ပညာရှင်တွေထံ အားပါးတရ မေးမြန်းတာတွေ တွေ့ရတာက အားရစရာပါ။ အခုလို ဖိုရမ်မျိုးကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တစ်နှစ်ကို တစ်ကြိမ် ဆောင်ရွက်ပေးနိုင်ရင် လူငယ်တွေအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမှာပါ။

**တွေ့ဆုံမေးမြန်း-သတင်းစဉ်**
**ဓာတ်ပုံ-ဇော်ကျော်**

## ဆီဆိုင်မြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်




**ဆီဆိုင် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့ရသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယာယီရပ်ဆိုင်းထားခဲ့ရသည့် ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ပွဲတွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က နယ်မြေဒေသအခြေအနေအရ ယာယီရပ်ဆိုင်းထားခဲ့ရသည့် ဆီဆိုင်မြို့နယ်ရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို အထောက်အကူပြုစေမည် ဖြစ်ကြောင်းနှင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာထုတ်ယူမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၏ လစာထုတ်ယူမှုတို့ကို အဆင်ပြေစေမည် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ဘဏ်လုပ်ငန်းများပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူအကအဖွဲ့တို့အား ဆုငွေများ ပေးအပ်သည်။ ပြီးနောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိတို့သည် ဘဏ်အတွင်း၌ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ယခုရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ကစားခွင့်ရ ခြောက်သင်း၊ ခြေစစ်ပွဲအောင် ခြောက်သင်း ပါဝင်မည်ဖြစ်သည်။ ခြေစစ်ပွဲအပြီးတွင် အုပ်စု (A) မှ မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ အုပ်စု (B) မှ ဥဇဘက်ကစ္စတန်ကလပ် နာဆက်ဖ်အသင်း၊ အုပ်စု(C)မှ စင်ကာပူကလပ် Lion City Sailors အသင်း၊ အုပ်စု (D)မှ မြောက်ကိုရီးယားကလပ် Naegohyang အသင်း၊ အုပ်စု(E)မှ အိန္ဒိယကလပ် အရှေ့ဘင်္ဂေါအသင်းတို့ အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အကောင်းဆုံးအုပ်စုဒုတိယနေရာရ တစ်သင်းကိုမူ အုပ်စု(A)မှ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းက ရရှိခဲ့သည်။

နောက်ဆုံးအဆင့် အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်တွင် Pot-1 ၌ဩစတြေးလျကလပ်မဲလ်ဘုန်းစီးတီးအသင်း၊ တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ Pot-2 ၌ တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ အီရန်ကလပ် ဘမ်ခါတွန်အသင်း၊ Pot-3 ၌ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်း၊ အိန္ဒိယကလပ် အရှေ့ဘင်္ဂေါအသင်း၊ မြောက်ကိုရီးယားကလပ် Naegohyang အသင်း၊ Pot-4 ၌ မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆက်ဖ်အသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်းတို့ ပါဝင်နေသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်ရာသီတွင် စတင်ကျင်းပပြီး တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်းက ချန်ပီယံဆု ရရှိထားသည်။ အား/ကာသိပ္ပံအမျိုးသမီးအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရပြီး ပထမဆုံးပြိုင်ပွဲမှာပင် ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-သော်ကြီး**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ် လူပေါင်း ၈၀၀ ကျော် သေဆုံး

ကဘူးလ် စက်တင်ဘာ ၁

**အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာ လူပေါင်း ၈၁၂ ဦးထက်မနည်းသေဆုံးပြီး ၂၈၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ကြားဖြတ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က စက်တင်ဘာ ၁ ရက်တွင် ပြောသည်။**

ငလျင်လှုပ်ခတ်မှုဒဏ် အဆိုးရွားဆုံးခံရသည့် ပြည်နယ်မှာ ကူနာပြည်နယ်ဖြစ်ပြီး သေဆုံးသူ ၈၀၀ နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅၀၀ ရှိကြောင်း ၎င်းက ဆက်ပြောသည်။ အဆိုပါပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နန်ဂါဟာပြည်နယ်တွင် သေဆုံးသူ ၁၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅၅ ဦး ရှိကြောင်း၊ လဂ်မန်းပြည်နယ်တွင် ၅၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နူရစ္စတန်းပြည်နယ်တွင် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်သေဆုံးမှုပမာဏများမှာ ပဏာမခန့်မှန်းချက်များဖြစ်ပြီး ချင့်တွက်အကဲဖြတ်မှုများ လုပ်ဆောင်နေစဉ်အတွင်း ထပ်မံမြင့်တက်လာဖွယ်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများက ကယ်ဆယ်ရေးအဖွဲ့များအတွက် စိန်ခေါ်မှုအဖြစ်ရှိနေကြောင်း၊ သက်ဆိုင်ရာအေဂျင်စီများက တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များကို ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရန် ဘေးဒဏ်သင့်ဒေသများသို့ စေလွှတ်ထားကြောင်း မူဂျာဟစ်က ထပ်လောင်းပြောသည်။

အဆိုပါ ငလျင်သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်၏ မြို့တော်ဂျာလာလာဘတ် အရှေ့မြောက်ဘက် ၂၇ ကီလိုမီတာအကွာ မြေအောက်အနက် ရှစ်ကီလိုမီတာကို ဗဟိုပြု၍ ဩဂုတ် ၃၁ ရက် ည ၁၁ နာရီ ၄၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**



ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုပေးစဉ်။

# ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ၊ ငါးဦး သေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁**

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဂီဂျစ် – ဘယ်လ်တီစတန်(ဂျီဘီ) ဒေသ၌ စက်တင်ဘာ ၁ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားသဖြင့် လေယာဉ်မှူးနှစ်ဦးအပါအဝင် ငါးဦးထက်မနည်းသေဆုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဒီယာမာခရိုင် ချီလက်စ်မြို့၌ အဆိုပါ ရဟတ်ယာဉ်သည် မြေပြင်သို့ စမ်းသပ်ဆင်းသက်မှုလုပ်ခဲ့ရာ နည်းပညာချွတ်ယွင်းမှုကြောင့် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါရဟတ်ယာဉ်မှာ ပါကစ္စတန်တပ်မတော်ပိုင်ဖြစ်ပြီး ရေဘေးသင့်ဒေသများအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဂျီဘီအစိုးရက အသုံးပြုခဲ့ကြောင်း ဂျီဘီအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဖိုင်ဇူလာဖာရတ်က ပြောကြားသည်။

ဒီယာမာ အကြီးတန်းရဲအရာရှိက သေဆုံးမှုများကို အတည်ပြုခဲ့ပြီး ကယ်ဆယ်ရေးနှင့် နောက်ဆက်တွဲလုပ်ငန်းများကို ပြုလုပ်ရန်အတွက် ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



ကိုလံဘိုမြို့၌ သင်္ဘောတစ်စင်းပေါ်မှ ဆင်းသက်လာသည့် နိုင်ငံခြားခရီးသွားများကို လက်ခံကြိုဆိုစဉ်။

# သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁၅၆၆၅၂၃ ဦးရှိလာ

**ကိုလံဘို စက်တင်ဘာ ၁**

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှု စံချိန်တင် ၂၀၀၀၀၀ နီးပါးရှိလာကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံသို့ ဩဂုတ်လတွင် နိုင်ငံတကာခရီးသွား ၁၉၈၂၃၅ ဦး ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်အလားတူလနှင့် နှိုင်းယှဉ်လျှင် ၂၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ နိုင်ငံတကာခရီးသွားစုစုပေါင်း ၁၅၆၆၅၂၃ ဦး လာရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ကာလအတွင်း အိန္ဒိယ၊ ဗြိတိန်၊ ရုရှား၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားများ အများဆုံးလာရောက်ကြကြောင်း သိရသည်။ သီရိလင်္ကာဗဟိုဘဏ်က ဖော်ပြသော အချက်အလက်များအရ ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံအတွက် ထိပ်တန်း နိုင်ငံခြားငွေရရှိသည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး ယခုနှစ် ပထမခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ယူနက်စကိုအမွေအနှစ်စာရင်းဝင် နာမည်ကျော်အန်ကောဝပ်သို့ နိုင်ငံတကာခရီးသွားများမပြတ်လာရောက်

**ဖနောင်ပင် စက်တင်ဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ ၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံတကာခရီးသွား ၆၆၉၆၁၉ ဦး လာရောက်လေ့လာခဲ့ပြီး အဆိုပါပမာဏသည် လွန်ခဲ့သောနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တစ်ခုတွင် စက်တင်ဘာ ၁ ရက်က ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ လက်မှတ်ရောင်းရငွေစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁ သန်းရှိသည်။ လက်မှတ်ရောင်းရငွေသည် တစ်နှစ်ပြီးတစ်နှစ် ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း နိုင်ငံပိုင် အန်ကောအင်တာပရိုက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လတွင် အန်ကောဝပ်သို့ နိုင်ငံခြားခရီးသွား ၅၀၈၄၈ ဦး လာရောက်လေ့လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂ သန်းရရှိခဲ့သည်။

ဆီရမ်ရိပြည်နယ်အနောက်မြောက်ပိုင်းတွင် တည်ရှိသည့် ယူနက်စကို အမွေအနှစ်စာရင်းဝင်နေရာတစ်ခုဖြစ်သော အန်ကောဝပ်၌ ကိုးရာစုမှ ၁၃ ရာစုအထိရှိသော ရှေးဟောင်းဘုရားပေါင်း ၉၁ ဆူရှိသည်။

အမေရိကန် ပြည်ထောင်စု၊ အင်္ဂလန်၊ ပြင်သစ်နိုင်ငံမှ နိုင်ငံခြားခရီးသည်များ အများဆုံး လာရောက် လေ့လာကြပြီး တရုတ်နိုင်ငံမှ ခရီးသည်များလည်း လာရောက်လေ့လာကြသည်။ **ဆင်ဟွာ**



# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ရှစ်လအတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွယ်ပြီး သံသယရှိသူ ၁၇၀၀၀ ကျော် ဖမ်းဆီးခံရ

**ဖနောင်ပင် စက်တင်ဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမရှစ်လအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ပြီး သံသယရှိသူ ၁၇၄၈၀ ကိုဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ အဆိုပါဖမ်းဆီးခံရသူ အရေအတွက်မှာ ယမန်နှစ် အလားတူကာလက ၁၇၅၇၄ ဦးရှိရာမှ ၀ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း၊ ၎င်းတို့ထဲတွင် နိုင်ငံခြားသား ၆၉၈ ဦး ပါဝင်ကြောင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးဌာန(အေဒီပီ)က စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း သံသယရှိသူများလက်ဝယ်မှ တရားမဝင်မူးယစ်ဆေးဝါး စုစုပေါင်း ၇ ဒသမ ၇၆ တန်ကိုသိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယမန်နှစ်အလားတူကာလက သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး ၅ ဒသမ ၇၅ တန်ရှိရာမှ ယခုနှစ်အတွင်း သိသိသာသာတိုးမြင့်လာကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် တရားမဝင်မူးယစ်ဆေးဝါးကုန်ကူးသူကို သေဒဏ်ချမှတ်မှုမရှိသော်လည်း ၎င်း၏ ဥပဒေအရ တရားမဝင်မူးယစ်ဆေးဝါး ၈၀ ဂရမ်ကျော် ကုန်ကူးသည်ဟု အပြစ်တွေ့ရှိလျှင် တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းနင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရရှိ၊ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁**


တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် အသက်နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးသေဆုံးပြီး ကလေးမိဘများမှာ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာနေ ဦးကိုဦး၊ ဇနီးဖြစ်သူ မဇာခြည်မိုးနှင့် သားဖြစ်သူ အသက်နှစ်နှစ်အရွယ် မောင်မြင့်အောင်တို့ မိသားစုသုံးဦးသည် ကလိန်အောင်မြို့မှ စျေးဝယ်၍ ပြန်လည်ထွက်ခွာလာစဉ် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းချောင်းကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီး သို့အရောက်၌ အကြမ်းဖက်သမားများက အများပြည်သူ အဓိကသွားလာလျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးအား သစ်ပင်သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားသဖြင့် အဆိုပါလမ်းမကြီးဘေးဘက်မှ ရှောင်ကွင်းမောင်းနှင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား ဆိုင်ကယ်ဖြင့် နင်းမိပေါက်ကွဲခဲ့သည်။




ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် နင်းမိုင်းနင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူ နှစ်ဦးဒဏ်ရာရရှိ၊ အသက်နှစ်နှစ်အရွယ် ကလေးငယ် တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရေဖြူမြို့နယ်၊ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက လမ်းများပိတ်ဆို့၍ မိုင်းထောင်ထားမှုကြောင့် ဒေသခံပြည်သူများ မိုင်းနင်းမိကာ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




မိုင်းပေါက်ကွဲမှုကြောင့် အသက်နှစ်နှစ်အရွယ် သားဖြစ်သူမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး မိဘများဖြစ်သည့်ဦးကိုဦးနှင့် မဇာခြည်မိုးတို့တွင် မိုင်းစထိမှန်ဒဏ်ရာ များရရှိခဲ့ရာ ၎င်းတို့အား လူမှုကူညီရေးအသင်းများမှ မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်းအပြင် ပြည်သူများ ထိခိုက်သေဆုံးမှုများဖြစ်ပေါ်စေရန် မိုင်းများထောင်ခြင်း၊ ချိန်ကိုက်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် အရပ်ဘက်မော်တော်ယာဉ်များအား အကြောင်းမဲ့နှောင့်ယှက်ပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် လမ်းတံတားများ ပျက်စီး၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ ကလေးသူငယ်များ အပါအဝင် အပြစ်မဲ့ ပြည်သူများမှာ သေဆုံး/ ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသမီးများအား တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နေ မ----၊ ၁၉/ ၂၀၂၅ နှစ် ကို တစ်ရွာတည်းနေ မနိုင်(ခ)လေးလေးနိုင်က တရုတ်နိုင်ငံရှိ ဆံပင်တုနှင့် လက်သည်းတု စက်ရုံတို့တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၃ သိန်းခန့်ရမည်၊ ပို့ဆောင်ခအနေဖြင့် ငွေကျပ် သိန်း ၄၀ ပေးရမည်၊ လုပ်အားခ ရရှိမှသာ ပေးချေနိုင်သည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့နေ မိုးသူဇာ(ခ)မချိုထံ ပို့ဆောင်ပေးခဲ့သည်။

ယင်းနောက် မချိုက စက်ရုံတွင် အလုပ်လုပ်ကိုင်ရမည် မဟုတ်ဘဲ တရုတ်ယောကျ်ားယူရမည်၊ မယူပါကလမ်းစရိတ်များ ပြန်လျော်ရမည်ဟု ပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခရမ်းမြို့မရဲစခန်း (ပ) ၅/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် သန်လျင်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မနိုင်(ခ)လေးလေးနိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မိုးသူဇာ(ခ)မချို ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကချင်ပြည်နယ် မိုးညှင်းမြို့နေ မ-----၊ ၂၄/ ၂၀၂၅ နှစ်နှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်နေ မ-----၊ ၂၄/ ၂၀၂၅ နှစ်တို့ကို ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်မှ လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu accမှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်နှစ်သွားရောက်နေထိုင်၍ တရုတ်အငှားမယား လုပ်ကိုင်ပါက ယွမ် ၁၀၀၀၀ ရမည်၊ အလုပ်လုပ်ကိုင်လိုပါက ၎င်း၏ အမြွာညီမဖြစ်သူ အေးအိမွန်မှ တရုတ်သူဌေးများနှင့် တွေ့ဆုံပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်း (ပ)၁၀/ ၂၀၂၅ နှင့် အမှတ်(၅)မြို့မရဲစခန်း(ပ)၃၀/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ အေးမြတ်မွန်နှင့် အေးအိမွန်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် လားရှိုးမြို့နေ မ-----၊ ၃၉/ ၂၀၂၅ နှစ်ကို ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်မှ လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှ တစ်ဆင့် တရုတ်အငှားမိန်းမအလုပ်လုပ်ပါက တရုတ်နိုင်ငံသို့ တစ်နှစ်သွားရောက်နေထိုင်၍ တရုတ်အငှားမယား လုပ်ကိုင်ပါက ယွမ် ၁၅၀၀၀ ရမည်၊ လုပ်ကိုင်လိုပါက မန္တလေးမြို့သို့ လာရောက်ရန် စည်းရုံးပြောဆိုပြီး မန္တလေးမြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ မန္တလေးမြို့ရှိတည်းခိုခန်းတစ်ခုတွင် ပွဲစားဒေါ်သန်းအေး(ခ)ပီရင်းနှင့်အတူ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန် စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်း(ပ) ၂၉/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ အေးမြတ်မွန်နှင့် ဒေါ်သန်းအေး(ခ)ပီရင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## စေတုတ္တရာမြို့၌ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**စေတုတ္တရာ စက်တင်ဘာ ၁**

စေတုတ္တရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်အဆင့် ( ၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟိန်းထက်အောင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်မိုးကျော်က ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ရာ ကျောင်းသား ၅၃ ဦး၊ ကျောင်းသူ ၃၄ ဦး စုစုပေါင်း ၈၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**

### လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

- ❊ ရုံးချိန်အတွင်း အလင်းရောက်ဝင်ရောက်နိုင်သော ပြတင်း တံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။
- ❊ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။
- ❊ ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီးသုံးစွဲမှုများ ရှိ/မရှိ သေချာစိစစ်ရန်။

# အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအနီး ထုံးဘို-စစ်ကိုင်းကားလမ်း၌ စက်သုံးဆီသယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီးတိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွား၊ ဒေသခံအချို့ သေဆုံး/ ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော် ကျေးရွာအနီးရှိ ထုံးဘို - စစ်ကိုင်းကားလမ်း၌ ယနေ့နံနက်ပိုင်းတွင် စက်သုံးဆီများ သယ်ဆောင်လာသည့် ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူအချို့ သေဆုံး/ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ စစ်ကိုင်းမြို့သို့ ယာဉ်မောင်း စိုးသူ (၂၉ နှစ်) (ဘ) ဦးလင်း မောင်းနှင်၍ စက်သုံးဆီဒီဇယ် ဂါလန် ၉၅၀၀ သယ်ဆောင်လာသည့် NISSAN အမျိုးအစား၊ ဆီဘောက်ဆာယာဉ်အမှတ် MDY/5 7F--- တွဲယာဉ်သည် ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ထုံးဘို-စစ်ကိုင်းကားလမ်း၊ အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ 7 star လက်ဖက်ရည်ဆိုင်အနီးသို့အရောက်၌ မော်တော်ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်တို့ကို ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ အနီးရှိလက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့ရာ မော်တော်ယာဉ်ခေါင်းခန်းမှ စတင်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်ငါးစီးတို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လက်ဖက်ရည်ဆိုင်အတွင်းရှိ ဒေသခံအမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့အား မန္တလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး အရှည် ၁၇၆ ပေ၊ အကျယ်ပေ ၄၀ ရှိသံကူကွန်ကရစ် အမျိုးအစား ကော့နွဲ့တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး အများပြည်သူများ သွားလာရေး အခက်အခဲများဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်း ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကော့နွဲ့တံတား ပြန်လည်ပြုပြင်ရေး တံတားအထူးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် အင်ဂျင်နီယာတစ်ဦးနှင့် လုပ်သား ၂၆ ဦး တို့သည် တံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တံတား၏ အနောက်မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာရှိ ပျားပင်ကျေးရွာနေရာနှင့် တံတား၏ တောင်ဘက်မီတာ ၃၇၀၀ ခန့် အကွာရှိမြို့ဟောင်းကျေးရွာနေရာတို့မှ Suicide Drone နှစ်စင်းဖြင့် တံတားလုပ်ငန်း ဆောင်ရွက်နေသူများအား တိုက်ခိုက်ခဲ့သဖြင့် တံတားလုပ်ငန်းများ ဆောင်ရွက်

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုအား အကြမ်းဖက်သောင်းကျန်းသူများက Suicide Drone ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။











KNUနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့နွဲ့တံတားပြုပြင်နေသည့်အဖွဲ့အား Suicide Drone ဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။








မြဝတီ – ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုအား အကြမ်းဖက်သောင်းကျန်းသူများက Suicide Drone ဖြင့် တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေသည့်အမျိုးသားတစ်ဦးသေဆုံးကာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ကနဦး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကာ ဘားအံမြို့ရှိ တောင်ကလေးဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသော လမ်း၊ တံတားများအား ဖျက်ဆီးခြင်းသည် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို များစွာ ထိခိုက်နစ်နာစေလျက်ရှိသဖြင့် ဒေသခံပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက်သမားများအား အရေးယူတုံ့ပြန်နိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❋ *ကျောဖုံးမှ*

မာတီတာက ပယ်နယ်တီမှတစ်ဆင့် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အက်စ်တွန်ဗီလာ အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိသည့်အတွက် အခက်တွေ့ခဲ့ရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲကစားချိန် ၆၈ မိနစ်နှင့် ၇၈ မိနစ်တို့တွင် ဂေဟီနှင့် ဆားရ်တို့က သွင်းယူပေးခဲ့သည်။

ခရစ္စတယ်ပဲလေ့စ် အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရရှိထားသည်။ ပြိုင်ဘက် အက်စ်တွန်ဗီလာ အသင်းက သုံးပွဲကစားပြီး နိုင်ပွဲရရှိထားခြင်း မရှိသေးဘဲ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ် ရရှိထားသည်။ **အောင်ဇော်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်း ရန်ကွာ စိတ်ချမ်းသာ**

## မြောင်းမြမြို့၌ ကလေးများအတွက် ဉာဏ်ရည်မြင့်ပြိုင်ပွဲများ ကျင်းပ



**မြောင်းမြ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကလေးများအတွက် ဉာဏ်ရည်မြင့် ပြိုင်ပွဲများဖြစ်သည့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် အိမ်ဆောက်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ရူပါအေးက အဆိုပါပြိုင်ပွဲများ ကျင်းပပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားရာ ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကလေးများ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန်၊ စာအုပ်စာပေများကို ချစ်မြတ်နိုးပြီး စာဖတ်ချင်စိတ် ဖြစ်ပေါ်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် သွက်လက်လှုပ်ရှား ဉာဏ်ရည်မြင့် ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအား ပုံပြင်စာအုပ်များနှင့် မုန့်များ ပေးဝေခဲ့ကြကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

## ရေနံချောင်းမြို့၌ ကျေးရွာသုံးထင်းစိုက်ခင်း စုပေါင်းစိုက်ပျိုး

**ရေနံချောင်း စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဒေသခံပြည်သူများ၏



ထင်းသုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း ၁၀ ဧက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေးလမ်းဟောင်း သုံးဆယ်ခြောက်ကျေးရွာအုပ်စု၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးမည့်သစ်ပင်များကို ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သစ်တောသစ်ပင်ချစ်ခင်သူများက ယူကလစ်ပျိုးပင် ၃၀၀၀ ကို ကျေးရွာသုံးထင်းစိုက်ခင်း ၁၀ ဧကတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မုဒုံ စက်တင်ဘာ ၁**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အထက (၁) ကျောင်းရှိ ရှင်အရဟံခန်းမ၌ ပြုလုပ်သည်။



အဆိုပါပြိုင်ပွဲအား ပြည်နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ကိုကိုလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ၂၀၊ အထက်တန်းအဆင့် ၂၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၀ တို့က "လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့ " ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို မော်လမြိုင်မြို့၌ စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့်တောင်သူများအား ဓာတ်မြေဩဇာများစျေးနှုန်းသက်သာစွာဖြင့် တိုက်ရိုက်ဖြန့်ဖြူး

**အိမ်မဲ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဓာတ်မြေဩဇာဖြန့်ဖြူးရေးကော်မတီမှ မြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် အကျုံးမဝင်သည့် တောင်သူများအား ယူရီးယားနှင့် ကွန်ပေါင်း ဓာတ်မြေဩဇာများကို စျေးနှုန်းသက်သာစွာဖြင့် တိုက်ရိုက်ဖြန့်ဖြူးပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် ဓာတ်မြေဩဇာ ဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားရာတွင် သွင်းအားစု ဓာတ်မြေဩဇာများ အချိုးကျ သုံးစွဲနိုင်မှ ပန်းတိုင်အထွက်နှုန်း ရရှိမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိမှသာ တောင်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ အဆိုပါသွင်းအားစုများ၏ တန်ဖိုးကို မိုးစပါးသီးနှံပေါ်ချိန်မှသာ ပေးဆပ်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ် ဓာတ်မြေဩဇာ ဖြန့်ဖြူးရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့်တောင်သူများအား ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**သဃ်္ဃန်းကျွန်း**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက်၊ စီမံကိန်းရပ်ကွက် ရပ်ကွက်နေပြည်သူများအား သင်္ဃန်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်ကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ရန်မျိုးအောင်စေတီတော် မဟာဓမ္မပါလ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ သင်္ဃန်းကျွန်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက MEVM မဲပေးစက်ဆိုင်ရာ များအား ရှင်းလင်းပြောကြားပြီး ပြည်သူများက MEVM မဲပေးစက်တွင် စမ်းသပ်မဲပေးခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဦးမိုးသီဟဇော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မိုး (သင်္ဃန်းကျွန်း)**




**မိုင်းရှူး**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းလှိုင်နှင့်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် ဘုံခန်းမ၌ ကွင်းဆင်းဆောင်ရွက်ရာ လက်တွေ့စမ်းသပ်မဲပေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်နန်းဝိုခမ်းနှင့်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းနှင့် မဲပေးခြင်းပုံစံကို မြန်မာဘာသာ၊ ရှမ်း ဘာသာတို့ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူ ၄၁၅ ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**

**တောင်ကြီး**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁ ရက်က တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု တောင်နီကျေးရွာ၊ ညောင်ရုံဘုန်းကြီးကျောင်း၊ ကွန်လုံကျေးရွာအုပ်စု၊ ရေပူ အ.ထ.က(ခွဲ)၊ လွယ်တော်ကျေးရွာအုပ်စု၊ ဇလဲအ.ထ.က တို့တွင် ဆောင်ရွက်ခဲ့ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူ ၁၄၀၀ တက်ရောက်သည်။

ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းက မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်း၊ ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**


■ ဆာဘယ်လင်ကာ

# ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘယ်လင်ကာ ယူအက်စ်အိုးပင်း ကွာတားဖိုင်နယ် တက်လှမ်း

ယူအက်စ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်မှ စက်တင်ဘာ ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘယ်လင်ကာနှင့် စပိန်တင်းနစ်မယ် ခရစ္စတီးနား ဘူခ်ရာတို့ ပွဲစဉ်တွင် ဆာဘယ်လင်ကာက ၆-၁၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် စင်စင်နတီအိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့် တက်လှမ်းနိုင်ခဲ့သော်လည်း ရှိုင်ဘာကီနာကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့် တက်လှမ်းခွင့်လွဲချော်ထားသည်။

၎င်းသည် ယခုပြိုင်ပွဲတွင် မာဆာရိုဗာ၊ ကူဒါမီတိုဗာ၊ ဖာနန်ဒက်စ်တို့ကို အဆင့်ဆင့်ကျော်ဖြတ်ထားနိုင်သည်။ ၎င်းသည် ယူအက်စ်အိုးပင်းကွာတားဖိုင်နယ်တွင် ချက်ဇ်တင်းနစ်မယ် မာကေတာ ဗွန်ဒရိုဆိုဗာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ဗွန်ဒရိုဆိုဗာသည် ၁၆ ဦးအဆင့်တွင် နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားကာ ၆-၄၊ ၅-၇၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ဆာဘယ်လင်ကာနှင့်အတူ ယူအက်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ချက်ဇ်တင်းနစ်မယ် ဘာဘိုရာ ခရေဂျီကိုဗာ၊ အမေရိကန်တင်းနစ်မယ် ပဲဂူလာတို့ တက်လှမ်းနိုင်ခဲ့သည်။

# ဝုဖ်က တိုက်စစ်ကစားသမား အာရိုကိုဒါရေးကိုခေါ်ယူ



ဝုဖ်အသင်းသည် ဂျန့်ခ်တိုက်စစ်ကစားသမား တိုလူအာရိုကိုဒါရေး (၂၄ နှစ်) ကို ပေါင် ၂၄ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အရပ် ခြောက်ပေ ခြောက်လက်မ ရှိသည့် နိုင်ဂျီးရီးယားကစားသမားသည် ဝုဖ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။ အာရိုကိုဒါရေးသည် ပြီးခဲ့သည့်ရာသီက ဘယ်လ်ဂျီယံပရိုလိဂ်တွင် ဂျန့်ခ်အသင်းအတွက် ၂၁ ဂိုးသွင်းယူကာ ရွှေဖိနပ်ဆု ဆွတ်ခူးရရှိထားသူ ဖြစ်သည်။ ၎င်းသည် ၂၀၂၃ ခုနှစ်တွင် ဂျန့်ခ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက်ပိုင်း ၁၁၃ ပွဲ ပါဝင်ကစားထားကာ ၄၁ ဂိုး သွင်းယူပေးထားနိုင်သည်။ ဝုဖ်အသင်းသည် ပရီမီယာလိဂ်အဖွင့်သုံးပွဲကစားပြီးချိန်တွင် နိုင်ပွဲရရှိထားခြင်း မရှိသေးဘဲ သုံးပွဲစလုံးရှုံးနိမ့်ကာ အမှတ်ပေးဇယား အောက်ဆုံးရပ်တည်နေသည့်အသင်းဖြစ်သည်။

# မန်ယူက ဂိုးသမား လမ်းမန်းစ်ကို ခေါ်ယူမည်



မန်ယူအသင်းသည် ဘယ်လ်ဂျီယံကလပ် ရွိုင်ရယ်အန့်ဝပ်အသင်းမှ ဂိုးသမား ဆန်နီ လမ်းမန်းစ်ကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၁၈ ဒသမ ၁ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။

လမ်းမန်းစ် (၂၃ နှစ်) သည် အိုးထရက်ဖို့ဒ်တွင် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည်ဖြစ်သည်။ ၎င်း သည် ၂၀၂၃ ခုနှစ်တွင် ကလပ်ဘရုဂေး အသင်းမှ ရွိုင်ရယ်အန့်ဝပ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ၆၄ ပွဲ ပါဝင် ကစားထားကာ အန့်ဝပ်အသင်းကို ဘယ်လ်ဂျီယံစူပါဖလားရရှိအောင် ကူညီပေးထားနိုင်သည်။

လမ်းမန်းစ်သည် ပြီးခဲ့သည့်ရာသီ ဘယ်လ်ဂျီယံပရိုလိဂ်တွင် ပွဲပေါင်း ၃၀ ပါဝင်ကစားထားရာ ခုနစ်ပွဲ ဂိုးမရေးရအောင် စွမ်းဆောင်ထားနိုင်သည်။

# ဘုန်းမောက်က မီလိုဆာဗလက်ဗစ်ချ်နှင့် ဂျီမီနက်ဇ်ကို ခေါ်ယူ

ဘုန်းမောက်အသင်းသည် ဆားဘီးယား ကလပ် ရက်စတား ဘဲလ်ဂရိတ်အသင်းမှ ဆားဘီးယားခံစစ် ကစားသမား ဗယ်လ်ကိုမီလိုဆာဗလက် ဗစ်ချ်ကို ပေါင် ၁၃ သန်းဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ ထို့အပြင် ဘုန်းမောက်အသင်းသည် အေစီမီလန်အသင်းမှ ဗဟို ခံစစ်ကစားသမား အဲလက်စ် ဂျီမီနက်ဇ်ကိုလည်း အငှားဖြင့် ခေါ်ယူလိုက်ကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် မီလိုဆာဗလက်ဗစ်ချ်သည် ဘုန်းမောက်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ရေးထိုးသွားမည်ဖြစ်သည်။

အသက် ၂၀ အရွယ် စပိန်လူငယ် ကစားသမားသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၁၈ ပွဲ ပွဲထွက်ကစားခွင့်ရရှိပါက ပြောင်းရွှေ့ကြေး ပေါင် ၁၆ ဒသမ ၅ သန်းဖြင့် အမြဲတမ်းပြောင်းရွှေ့ခွင့် ရရှိမည် ဖြစ်သည်။

၎င်းတို့နှစ်ဦးသည် လာမည့်စက်တင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ဘုန်းမောက်အသင်းအတွက် ပွဲထွက်ကစားခွင့် ရရှိဖွယ်ရှိသည်။


■ ဗယ်လ်ကိုမီလိုဆာဗလက်ဗစ်ချ်



■ အဲလက်စ် ဂျီမီနက်ဇ်

# လီဗာပူးက အီဆတ်ကို ဗြိတိန်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူမည်



လီဗာပူးအသင်းသည် နယူးကာဆယ် အသင်းတိုက်စစ်ကစားသမား အလက်ဇန္ဒြားအီဆတ်ကို ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၂၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

ကစားသမား၏ အပြောင်းအရွှေ့မှာ အပိုဆုကြေးများပါ ထည့်ပေါင်းပါက ပေါင်သန်း ၁၃၀ အထိ ရောက်ရှိနိုင်ကြောင်း နယူးကာဆယ်သတင်းအရင်းမြစ်များတွင် ဖော်ပြထားသည်။ ၎င်းသည် အန်းဖီးလ်တွင် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည် ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် နယူးကာဆယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၂ ပွဲ ပါဝင်ကစားထားပြီး ၂၇ ဂိုး သွင်းယူပေးထားနိုင်သည်။

# ချယ်ဆီးက တောင်ပံကစားသမား ဂါနာချိုကို ခေါ်ယူ

ချယ်ဆီးအသင်းသည် မန်ယူအသင်းမှ အာဂျင်တီးနားတောင်ပံကစားသမား ဂါနာချိုကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူ စာချုပ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် အဆိုပါ တောင်ပံကစားသမားသည် စတန်းဖို့ဒ်ဘရစ်ခ်၌ ၂၀၃၂ ခုနှစ်အထိရှိမည့် ကာလရှည်စာချုပ်တစ်ရပ်ကို ရေးထိုးခဲ့ကြောင်း သိရသည်။ ဂါနာချိုသည် ယခုနှစ်အပြောင်းအရွှေ့ကာလတွင် ချယ်ဆီးအသင်း၏ ခေါ်ယူသည့် ကိုးဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။ ချယ်ဆီးအသင်းသည် ဂါနာချိုမတိုင်မီ ပက်ဒရို၊ ဒီလက်ပ်၊ အက်စ်တီဗာအို၊ ဂစ်တန်းစ်သည့် တိုက်စစ်အားသန်ကစားသမားများကိုလည်း ခေါ်ယူအားဖြည့်ထားသည်။ ဂါနာချိုသည် မန်ယူအသင်းအတွက် ၂၀၂၂ ခုနှစ်မှစတင်ကာ ပွဲပေါင်း ၁၄၄ ပွဲပါဝင် ကစားထားပြီး ၂၆ ဂိုး သွင်းယူပေးထားနိုင်သည်။




## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဗီလာအသင်းက မန်ယူခံစစ်ကစားသမား လင်ဒီလော့ဖ် (၃၁ နှစ်) ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။
- နယူးကာဆယ်အသင်းက ဘရန့်ဖို့ဒ်တိုက်စစ်ကစားသမား ဝစ်ဆာ (၂၈ နှစ်) ကို ပေါင် ၅၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။
- လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်ဗဟိုခံစစ်ကစားသမား ဂေဟီ (၂၅ နှစ်) ကို ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။
- ဖူလ်ဟမ်အသင်းက ချယ်ဆီးတောင်ပံကစားသမား တိုင်ရစ်ဂျော့ (၁၉ နှစ်) ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။
- မန်စီးတီးအသင်းက ပီအက်စ်ဂျီဂိုးသမား ဒွန်နာရမ်မာကို ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

■ မိုးဇက်-စုစည်းရေးသားသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၉-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၃၅၅။ | ကွယ်လွန်သူဦးပန်းအောင်အားရည်စူး၍ (ဇနီး)ဒေါ်ညွန့်ညွန့်လွင်၊ (သား)ဒေါက်တာထွဋ်မောင်မောင်၊ (သမီး)ဒေါ်အိအိမန်းအောင်၊ (မြေး)မပန်းအင်ကြင်း၊ မပန်းဖြူငွေမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၃၅၆။ | ကွယ်လွန်သူဘိုးဘိုးကြီး ဦးမာန်သိန်းနှင့် နှစ်ဖက်သောမိဘများအားရည်စူး၍ ဇနီး ဒေါ်ယဉ်နု၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၃၅၇။ | ဦးကြည်ထွဋ်ဝင်းနှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၃၅၈။ | ကွယ်လွန်သူဦးကြည်ဟန်အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၃၀၀၀၀ |
| ၁၀၃၅၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးပွားနှင့် ဒေါ်အေးသွယ်တို့အားရည်စူး၍ ကျန်ရစ်သူသမီးမနွဲ့နွဲ့ရီကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၃၆၀။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေ၊ (သမီး)မအေးအေးဟန်၊ မခင်ချိုရီ၊ မခိုင်ခင်ရီမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၁။ | ကွယ်လွန်သူဦးခင်မောင်ကျိုင်နှင့် ဒေါ်ခင်မကြီးတို့အား ရည်စူး၍ ဦးနေကျော်ကျိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၂။ | မသင်းသန့်ဖွန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၃၆၃။ | ကိုနောင်နှင့်ဇနီး မလပြည့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၃၆၄။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ရွှေအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၃၆၅။ | ကိုအုံကောင်းခနှင့်ဇနီး မယမုံမင်းထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၃၆၆။ | ဒေါ်ဝင်းဝင်းသိန်းနှင့် ဒေါ်ခင်ဆွေလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၇။ | ကွယ်လွန်သူဦးညွန့်လွင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၈။ | ဒေါ်စန်းစန်းငွေ၊ ဒေါ်စန်းစန်းမြင့်နှင့် တူ၊ တူမများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၆၉။ | ကိုပြည့်ဖြိုးကျော်နှင့်ဇနီး မရွှန်းလဲ့အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသီဟဇော်နှင့်ဇနီး ဒေါ်သက်ဇင်ဦး၊ (သား)မောင်ဟန်ထူးသီဟဇော်၊ မောင်မင်းမြတ်သီဟဇော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၁။ | ကိုဟိန်းထက်နိုင်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၂။ | ဦးဖြိုးသက်ဇော်နှင့်ဇနီး ဒေါ်အိအိစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၃။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်စိန်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၄။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၅။ | ဦးလှမြင့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၆။ | ဦးကျော်နိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၃၇၇။ | ဦးခင်မောင်ချိုနှင့်ဇနီး ဒေါ်ငွေးငွေးမြင့်၊ (သား)မောင်ဘုန်းပြည့်စုံအောင်၊ မောင်ဉာဏ်မင်းထင်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၃၇၈။ | ဦးမောင်သန်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၇၉။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ကြင်စီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၀။ | ဦးမြင့်အောင်၊ ဒေါ်ညွန့်ညွန့်ရွှေနှင့် ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၁။ | ဦးသိန်းဝင်းနှင့် ဒေါ်ဝင်းကြည်တို့အားအမှူးထား၍ ဦးဥက္ကာဆန်းနှင့်ဇနီး ဒေါ်အိအိဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်နန်းဟန်နု၊ (သမီး)မဖြိုးရတနာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၃။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်လေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၄။ | ဦးအုန်းမောင်နှင့်ဇနီး ဒေါ်ခိုင်ခိုင်နှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၅။ | ဦးသန့်စင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၆။ | ဦးအောင်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၇။ | ဦးရီထွေးနှင့်ဇနီး ဒေါ်ဝါဝါထိုက်၊ (သား)ဦးသော်တာထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၈။ | ဦးသန့်ဆွေနှင့်ဇနီး ဒေါ်ခင်ခင်လှ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၈၉။ | ဦးခင်ဇော်မောင်နှင့် ဒေါ်ခင်ခင်သစ်၊ (သား)မောင်ပြည့်ကျော်၊ (သမီး)မကေသွယ်လင်း၊ မောင်ပြည့်သုတမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၀။ | ဦးဖြိုးမောင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၁။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်မာရီယာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၂။ | ဒေါ်တင်တင်ရွှေ၊ (သား)ကိုသက်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၃။ | ဦးကျော်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၄။ | ဦးအောင်ကျော်စိုးနှင့်ဇနီး ဒေါ်စုစုလှိုင်ငွေ၊ (သား)မောင်ကျော်ထွဋ်ခေါင်၊ (သမီး)မနှင်းယမုံအေး၊ မသဒ္ဒါထွဋ်ခေါင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၅။ | ဦးကျော်ဝေနှင့်ဇနီး ဒေါ်ယဉ်ယဉ်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၆။ | ဦးမြင့်ဝေနှင့်ဇနီး ဒေါ်သဇင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၇။ | ဦးအောင်ဟိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၈။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးအေးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၃၉၉။ | ကွယ်လွန်သူ ဦးမန်းမောင်မောင်ဉာဏ်အားရည်စူး၍ ဒေါ်ကြင်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၀။ | ကွယ်လွန်သူဦးခင်မောင်အုံးအားရည်စူး၍ ဦးငြိမ်းချမ်းကျော်နှင့်ဇနီး ဒေါ်ဝင်းကေသီနိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၁။ | ကွယ်လွန်သူ ဦးပြူးအားရည်စူး၍ ဒေါ်သန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၂။ | ကွယ်လွန်သူဦးဉာဏ်ရွှင်အားရည်စူး၍ ဒေါ်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၃။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်ငွေနှင့် ဒေါ်လှတင်တို့အားရည်စူး၍ သမီးဒေါ်သန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၄။ | ကွယ်လွန်သူဦးခင်သိန်းအားရည်စူး၍ ဒေါ်စံနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၅။ | ကွယ်လွန်သူဦးအေးဆွေနှင့် ဒေါ်ခင်အေးတို့အားရည်စူး၍ ဒေါက်တာတင်မျိုးမျိုးဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၀၆။ | ကွယ်လွန်သူဦးဝင်းလှိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၈၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(ခွဲ)လ(၉) ကျောင်း Grade(5) မှ မနန်းသိင်္ဂီထွေး Grade(3)မှ မောင်ဖိုးလမင်းနှင့် KG မှ မယမင်းသူဇာတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေး ၉/ ၀တန(နိုင်)၂၆၈၈၇၄ ဖြစ်ပါကြောင်း။

**ဦးအောင်ထွေး**

### အမည်မှန်ဖြစ်ကြောင်း

မြစ်သားမြို့နယ်၊ ရွာရှည်ကျေးရွာနေ (ဘ) ဦးဝင်းဇော် ၏သား တောင်ကြီးမြို့နယ်၊ အေးသာယာ၊ ထုံးဖို ကောင်းစုမွန်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော မောင်ဟိန်းကိုကို၏ အမည်မှန်မှာ မောင်ကျော်ဟိန်းကိုကို ၉/ မသန(နိုင်)၂၂၉၉၇၁ ဖြစ်ပါကြောင်း။

### အမည်မှန်

ဝါးခယ်မ အ.ထ.က (ဝဲကြီး) ကျောင်း၊ Grade 12၊ ကျောင်းဝင် (၂၆၉၁) အဖ ဦးခင်သန်း ၁၄/ ဝခမ (နိုင်) ၁၆၆၂၆၃ ၏ သမီး၏ အမည်မှန်မှာ မစုမြချယ်ရီသင်း ၁၄/ ဝခမ (နိုင်) ၃၂၂၇၃၂ ဖြစ်ပါကြောင်း။

### အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (စက်ရုံ) ကျောင်း၊ Grade 12၊ ကျောင်းဝင်အမှတ် (၀၇၁၈) အဖ ဦးအောင်မြင့် ၁၄ / ဝခမ(နိုင်) ၂၂၂၂၈၅ ၏ သမီးအမည်မှန်မှာ မစုမြတ်လှိုင် ဖြစ်ပါကြောင်း။

**မစုမြတ်လှိုင်**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

## ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ E-Donation Mobile Banking System ဖြင့် အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ မြန်မာနိုင်ငံဒေသအနှံ့အပြားသာမက ကမ္ဘာ့နေရာအသီးသီးမှ ကုသိုလ်ယူလှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မိမိ၏ဘဏ် Account မှ တဆင့်လည်းကောင်း၊ မည်သည့် Pay ဖြင့် မဆို MMQR Pay မှလည်းကောင်း၊ Card စနစ်ဖြင့် လည်းကောင်း အောက်ဖော်ပြပါပုဂ္ဂလိကဘဏ်များမှတဆင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည် -

| | | | |
|---|---|---|---|
| ( က ) KBZ | Bank | - | 29810329800805501 |
| ( ခ ) AYA | Bank | - | 10004829934 |
| ( ဂ ) CB | Bank | - | 0114100400000434 |
| ( ဃ ) YOMA | Bank | - | 007611168003736 |
| ( င ) MOB | Bank | - | 0002100600000191 |
| ( စ ) UAB | Bank | - | 058010100005161 |
| ( ဆ ) A | Bank | - | 0021011100069834 |

KBZ Pay AYA Pay CB Pay Wave Pay MOB Pay Uab Pay A+ Wallet

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၂) ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မအယ်ဇာမိုင် ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၁၀/သထန(နိုင်)၁၇၅၅၇၆ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

### မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဒူလဗိုလ်ရေလည် ဘကအလယ်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းအောင် ၏သား မောင်အာကာမိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၄-၅-၂၀၁၀) ဖြစ်ပါကြောင်း။

### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် (၃၂၄/က)နေ ဒေါ်ခင်ထက်လှိုင်(၁၂/ဥကတ(နိုင်)၁၇၈၁၇၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ထက်လှိုင်(၁၂/ဥကတ(နိုင်)၁၇၈၁၇၀)နှင့် ဦးဝေလျှံဖြိုး(၁၂/ခရန(နိုင်)၁၀၇၅၉၇)တို့မှာ (၂၈.၈.၂၀၂၅)ရက်နေ့တွင် နှစ်ဖက်မိဘ အသိသက်သေများရှေ့မှောက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေခြင်းနှင့် သားသမီးအုပ်ထိန်းခွင့် သဘောတူညီမှုတို့ကိုပါ တစ်ပါတည်း ဆောင်ရွက် ပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ထက်လှိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုရည်လှိုင်(LL.B)** | **ဒေါ်သင်းလဲ့လှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၇၄၅)** | **(စဉ်-၅၆၇၄၄)** |

**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/အေ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅။**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ သုခိတာလမ်း၊ အမှတ်-၁၃၅(က)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀-သုဝဏ္ဏ(လူသုံးကုန်စက်ရုံအနီး)၊ မြေကွက်အမှတ်- ၁၃၅/က၊ ဧရိယာ(၀ဒသမ၀၅၄၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် စပ်ဆက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးစိုးကိုကို ၁၂/မရက(နိုင်) ၀၆၅၆၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်လတ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)**

**အမှတ်(၅၆၅/၅၆၇)၊ MAC TOWER ၊ အခန်းအမှတ်(၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အိမ်နံပါတ် ၂၂၉၊ မြေညီနှစ်ခန်းတွဲပေ(၂၅x၅၀)အားပိုင်ဆိုင်သော ဒေါ်မေနှင်းအေး ၁၂/စခန(နိုင်)၀၆၁၆၅၄ နှင့် ဦးဖြိုးဝေဝင်း ၁၂/အလန(နိုင်)၀၄၂၈၁၉ တို့ ပိုင်ဆိုင်သော အခန်းအားကျွန်တော်ဦးကျော်ရဲထွန်း ၁၂/လသန(နိုင်)၀၂၁၇၈၅ မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးတိုင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ရဲထွန်း**

**ဖုန်း-၀၉-၉၆၅၀၁၈၈၈၄၊ ၀၉-၄၄၇၇၆၆၇၇၆**

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၂)၊ ဦးပိုင်အမှတ် (၂၇+၄၅) ဧရိယာ ၂ ဒသမ ၀၀ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ ကျွန်တော် ဦးဖြိုးမောင်မောင် (ဘ) ဦးမြင့်အေး ၉/အမဇ(နိုင်)၀၁၅၁၂၀မှ သိမ်းဆည်းခံမြေအား နိုင်ငံတော်ထံမှ ပြန်လည်တောင်းခံမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဖြိုးမောင်မောင်** | **ဒေါ်ဖြိုးဖြိုးငယ်** |
| | **တရားလွှတ်တော်ရှေ့နေ(LL.B)** |
| | **(စဉ်-၁၈၂၅၂)** |
| | **ဖုန်း-၀၉-၄၄၆၆၃၃၁၅၉** |

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ ကားရံမဲလ်တောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ မောင်ပေါင်ရှမ်းထန်နှင့် Grade-9 မှ မောင်ပေါင်ရှမ်းဟွဲ့နှင့် Grade-12 မှ မမန်ရှမ်းမွမ် တို့၏ဖခင် အမည်မှန်မှာ ဦးထန်ခန့်မွမ်း ၅/ကလထ(နိုင်)၁၅၃၉၇၈ ဖြစ်ပါကြောင်း ။

**ဦးထန်ခန့်မွမ်း**

### အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ(ဘ)ဦးထန်ခန့်မွမ်း ၅/ကလထ(နိုင်)၁၅၃၉၇၈ ၏သား ကားရံမဲလ်တောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9မှ မောင်ဒေးဗစ်ပေါင်ရှမ်းဟွဲ့၏ အမည်မှန်မှာ မောင်ပေါင်ရှမ်းဟွဲ့ ဖြစ်ပါကြောင်း။

**မောင်ပေါင်ရှမ်းဟွဲ့**

### အလိမ္မာ စာမှာရှိ

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊ (၁၆)ရပ်ကွက်၊ (၄)လမ်း၊မြေကွက်အမှတ်(၅၉၂)၊အိမ်အမှတ်(၅၅)အကျယ်အဝန်း(၂၅ပေ × ၅၀ပေ)ရှိ ဒေါ်ဝင်းဝင်း(၁၂/ကမရ(နိုင်)၀၃၂၈၃၁)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရှုပ်အရှင်းကင်းရှင်းပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူဒေါ်ဝင်းဝင်းထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်နိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

Ph,09421746974

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/68391 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူရဦး ၉/မဟမ(နိုင်)၀၄၆၂၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/53426 Canda X 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြလွင် ၉/အမရ(နိုင်)၀၂၉၃၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ ကွင်းအကွက်အမှတ်(၁၂)၊ ပန်းလှိုင်ကမ်းနားရပ်၊ ဦးပိုင်အမှတ်(၂၈ᵃ)၊ ဧရိယာ (၀.၀၁၅)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်လဲ့လဲ့ယု အမည်သို့ အမည်ပြောင်း လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့ယု**
**ဖုန်း-၀၉-၄၅၅၅၄၅၂၅၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

